mgyoe.com

SAMPLE BOOK

စကားအရာထူးချွန်သူ စကားတောင်စားနှင့်
ပခန်းသား လေက်တို, ချည်ပါသား ညို,
မြင်းခြံချောင်းဝသူ မခါကြီး, အထက်မြစ်ညာသူ ကျေးဥ
ဟူသော အရွှပ်အလိမ် ၄ ဦးသားတို့၏
အပျင်းပြေဖတ်ပြုနိုင်သော
မြန်မာဟာသစာတ်လမ်းတို,
စာတ်လမ်းရှည်များ ဖြစ်ပါသည်။


# စကားတောင်စား ဝတ္ထု

ဝန်စာရေးဦးကြီး

စတုတ္ထအကြိမ်

mgyoe.com






















mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး

၃၀၀၀ ကျပ်

အုပ်ရေ

၅၀၀ အုပ်

တတိယအကြိမ်

၂၀၁၃ ခုနှစ် ဇန်နဝါရီလ

မျက်နှာဖုံး

ယန်းရွှေပြည်

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၉၁)
ယန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

mgyoe.com

mgyoe.com SAMPLE BOOK

# စကားတောင်စားဝတ္ထု

## ဝန်စာရေးဦးကြီး

စကားအရာထူးချွန်သူ စကားတောင်စားနှင့် ပခန်းသား လေက်တို့၊ ချည်ပါသား ညွို့၊ မြင်းခြံ ချောင်းဝသူ မခါကြီး၊ အထက် မြစ်ညာသူ ကျေးဥ ဟူသော အရွပ်အလိမ် ၄ ဦးသားတို့၏ အပျင်းပြေဖတ်ပြုနိုင်သော မြန်မာဟာသစာတ်လမ်းတို့၊ စာတ်လမ်းရှည် များ ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- ✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ✡ ခွဲစည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✡ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

mgyoe.com

mgyoe.com SAMPLE BOOK

# စကားတောင်စားဝတ္ထု

အင်းဝမြို့ကြီးတွင် မုန့်သည်မသား စကားတောင်စားသည် ၁၀ နှစ်သား အရွယ်က နှမကလေးအငယ် မနှန်းစိန်နှင့် မောင်နှမ ၂ ယောက်ကို အမိဖြစ်သူက မုန့် ၃ ယှက်ပေးခဲ့ရာ၊ မောင်နှမ ၂ ယောက်တို့သည် မဝေတတ်သည်နှင့် စာရေးတော်ကြီး နေမျိုးကျော်ထင်သည် အခန့်သင့်လာသည်နှင့်၊ “ကျွန်တော်တို့ မောင်နှမ ၂ ယောက်အား ဤမုန့် ၃ ယှက်ကို ဝေပေးပါ။”ဟု ပြောဆိုရာ၊ စာရေးတော်ကြီးက မုန့်တစ်ယှက်စီဝေ၍ ကျန်မုန့်တစ်ယှက်ကို တစ်ဝက်စီ ခွဲပေး သကာလ ဝမ်းမြောက်ဝမ်းသာ ရှိသောကြောင့်၊ ‘ငှင်းစာရေးတော်ကြီးအိမ်၌ ငါနေရလျှင် အစစအရာရာ အလိမ္မာ တိုးလတ္တံ့သည်။’ဟု စိတ်ကကြံ၍၊ မိခင် လာသောအခါ “ကျွန်တော့်ကို စာရေးတော်ကြီးအိမ်၌ အပ်နှံပါ။”ဟု မိခင်ကို ပူဆာသဖြင့်၊ မုန့်သည်မသည် စကားတောင်စားကို လက်ဆွဲ၍ စာရေးတော်ကြီး ထံအပ်နှံရာ၊

စာရေးတော်ကြီးကလည်း “ဘယ့်ကလောက်ကြာအောင် နေမည်လဲ။” ဟု မေးမြန်း၏။ စကားတောင်စားသည် “၂ လသာ နေပါ့မည်။”ဟု ပြောဆို လေ၏။

ထိုအခါ စာရေးတော်ကြီးက “ကောင်းပြီ။ ခင်ဗျားသားကို လိမ္မာရေးခြား စကားချောင်ရှိအောင် သွန်သင်ဆုံးမ၍ ပေးမည်။ စိတ်ချ၍သာ ပြန်ပေတော့။” ဟု ပြောဆိုလိုက်သည်နှင့် မုန့်သည်မသည် မိမိအိမ်သို့ ပြန်သွားလေ၏။

စကားတောင်စားသည် နေ့ရက်ရှည်ကြာ စာရေးတော်ကြီးအိမ်မှာပင် နေလေ၏။

mgyoe.com

အမြီးဆွဲလိုက်

တစ်နေ့သ၌ စာရေးတော်ကြီးသည် စကားတောင်စားကို ကွမ်းအစ်နှင့် ဆေးလိပ်ထုပ်ပုဝါများကို လည်မှာရောက်၍ ကွမ်းအစ်ကိုင်ခိုင်းပြီးလျှင် လွှတ်တော်သို့ သွားသောအခါ နောက်လိုက်ခိုင်းလေ၏။ စာရေးတော်ကြီး မြင်းကို လမ်းထိုးစီး၍ ဖြည်းဖြည်းသွားသော်လည်း စကားတောင်စားသည် မလိုက်နိုင်၍ အလွန်နောက်ကျလေရာ၊ စာရေးတော်ကြီးသည် လွှတ်ပေါ်သို့ ရောက်သောအခါ ကွမ်းစားလို၍ စကားတောင်စားကို ကြည့်သဖြင့် မပါလာသောကြောင့် လေ့ကားတော်နားက စောင့်မျှော်နေပြီးလျှင်၊ စကားတောင်စား ရောက်လာသော အခါ "မောင်မင်းသည် အင်မတန်နောက်ကျသည်။ သခင်သွားရာ နောက်ထပ် မကွာ မြီးဖြန်းကိုဆွဲ၍ လိုက်ရမည်။" ဟု ပြောဆိုလေ၏။

ထိုအခါ စကားတောင်စားသည် "ကျွန်တော်မသိသောကြောင့် နောက်ကျပါသည်။ နောက်တစ်ခါ စာရေးတော်ကြီးမင်းနောက်က ထက်ကြပ် မကွာ လိုက်ပါတော့မည်။" ဟု ပြောဆိုလေ၏။

နောက်တစ်နေ့၌ စကားတောင်စားသည် ကွမ်းအစ်ကို ဆေးလိပ်ပဝါနှင့် ထုပ်၍ ပခုံးပေါ်၌ခွ၍တင်ပြီးလျှင်၊ မြီးဖြန်းကိုဆွဲ၍ အပြေးလိုက်ရသောအခါ ဆေးလိပ်ထုပ်များသည် ပြေ၍ ကျသည်အပြင်၊ ကွမ်းအစ်လည်း ကျုံးထိပ်မှာပင် ကျကျန်ရစ်လေ၏။

၄င်းဆေးလိပ်နှင့် ကွမ်းအစ်များကို ပြန်၍ကောက်နေရလျှင် စာရေး တော်ကြီးကို မမီနိုင်ရာ၊ စာရေးတော်ကြီးကလည်း 'ထက်ကြပ်မကွာ လိုက်ရ မည်။' ဟု အမိန့်ပေးသောကြောင့် မီအောင်သာ လိုက်သွားလေ၏။

လွှတ်တော်ရောက်သောအခါ ကွမ်းစားလို၍ ကွမ်းအစ်ကို တောင်းလေ၏။

ထိုအခါ စကားတောင်စားက "စာရေးတော်ကြီးအမိန့်တွင် 'အမီလိုက်ရ မည်။' ပြောသောကြောင့် မီအောင်လိုက်ရသည့်အတွက် ကျုံးထိပ်မှာ ကွမ်းအစ်


mgyoe.com

SAMPLE BOOK


ကျပါသည်။ ဆေးလိပ်များမှာ လမ်းတစ်လျှောက်လုံးပင် ကျရစ်ကြောင်း။''
ပြောဆိုရာ၊ စာရေးတော်ကြီးသည် အလွန်စိတ်ဆိုးသည် ဖြစ်၍၊

'ကွမ်းအစ်ကို မဆိုထားနှင့်။ မိမိသခင်၏ပစ္စည်းများကို မစင်တစ်တုံးမျှ မပျောက်ရအောင် ကြည့်ရှုထိန်းသိမ်းရသည်။''ဟု ပြောဆိုသောအခါ၊ စကားတောင်စားသည်

''ကျွန်တော် မသိသောကြောင့် မကောက်ခဲ့မိပါ။ သည်အခါ လွန်ပါစေတော့။''ဟု ပြောဆို၍ မြင်းနောက်ကပင် လိုက်မြဲလိုက်လေ၏။

## မစင်တစ်တုံး မပျောက်ရအောင်

တစ်နေ့သ၌ စာရေးတော်ကြီးသည် နန်းတော်သို့ ဝင်မြဲဝင်ရာ စကားတောင်စားသည် ကွမ်းအစ်နှင့် ဆေးလိပ်ထုပ်ပဝါကို လည်ပင်းမှာ ရစ်သိုင်း၍၊ မြင်း၏ မြီးဖျားကို ဆွဲကိုင်၍ လိုက်သောအခါ၊ မြင်းသည် 'မစင်စွန့်မည်။' ဟူ၍ အမြီးကို ကြွလျှင်ပင်၊ ကွမ်းအစ်ဖုံးကို ကပျာကရာဖွင့်၍၊ မြင်းချေးများကို တစ်တုံးမှမဖိတ်ရအောင် ခံယူ၍ ကွမ်းအစ်ထဲ၌ ထည့်ပြီးလျှင် ယူခဲ့လေ၏။

လွှတ်တော်ပေါ်သို့ ရောက်သောအခါ စာရေးတော်မင်းကြီးသည် မင်းပရိသတ်တို့ရှေ့ ကွမ်းစားလို၍ ကွမ်းအစ်ကို ဖွင့်လိုက်ရာ၊ မြင်းချေးကို မြင်သောကြောင့် ဝိုင်း၍ ရယ်မောကြလေ၏။

ထိုအခါ စာရေးတော်ကြီးသည် စကားတောင်စားကို ခေါ်၍၊ ''မောင်မင်းသည် ကွမ်းအစ်ထဲ၌ မြင်းချေးများကို ဘယ်အတွက်ကြောင့် ထည့်၍ထားပါသနည်း။''ဟု မေးမြန်းရာ၊

''ကျွန်တော်သည် စာရေးတော်ကြီးမင်း အမိန့်အာဏာ ပေးဖူးသည့်အတိုင်း 'မိမိသခင့်ပစ္စည်းကို မစင်တစ်တုံးမျှ မပျောက်မပျက်ရအောင် သိမ်းဆည်း


mgyoe.com

ရမည်။'ဟုပြောဆိုသောကြောင့် မြင်းချေးများကို မကျရစ်စေရ။ ကျွန်တော် သိမ်းဆည်း၍ ယူခဲ့ပါသည်။''ဟု ပြောဆိုသောအခါ

စာရေးတော်ကြီးသည် ''မင်း ငါ့နောက်ကို ယနေ့ကစ၍ မလိုက်နှင့်တော့။ အိမ်မှာသာ နေတော့။'' ဟု ပြောဆိုသောကြောင့်၊ နေ့ရက်ရှည်ကြာ အိမ်မှာသာ နေရလေ၏။

## ၂လ နေမည်

တစ်ရံရောအခါ စာရေးတော်ကြီးသည် စကားတောင်စားကို ခေါ်၍၊

''မောင်မင်းသည် အရာရာမျိုး၌ အလွန် စကားကတ်သည်။ မောင်မင်း အမေ လာ၍ အပ်စဉ်ကလည်း '၂ လသာ နေလိုကြောင်း။' ပြောသည်။ ယခု ငါ့အိမ်၌ ၂ နှစ် ရှိပြီ။ သို့ဖြစ်၍ မောင်မင်းကို လက်မခံလို။ မောင်မင်းမိဘ အိမ်သို့ ပြန်တော့။'' ဟူ၍ နှင်လိုက်ရာ၊

''ကျွန်တော်သည် ၂ လသာ ပြောဆိုပါသည်။ ကျွန်တော့်မျက်စိနှင့် လ ၂ လ မြင်ရလျှင် ကျွန်တော် သွားပါမည်။''ဟု ပြောဆိုသောအခါ စာရေးတော်ကြီးသည် စိတ်ဆိုးရာမှ ရယ်မော၍ လက်ခံရလေ၏။

## မုန့်အိုးကင်းကပ်စားရအောင်

တစ်နေ့သ၌ စာရေးကြီးကတော်သည် မိမိအိမ်၌ မုန့်အိုးကင်းကပ်လုပ်၍၊ မိမိယောကျ်ားစာရေးတော်ကြီးကို စားစေလိုသောကြောင့် စကားတောင်စားကို ခေါ်ရန် နန်းတော်ထဲသို့ စေလွှတ်လိုက်ရာ၊ လွှတ်တော်ပေါ်သို့ တက်သွားပြီးလျှင် လေ့ကားဦးကစ၍ မာရဘင်*နားသို့ ကျရောက်သည်တိုင်အောင် အသံကျယ်စွာနှင့် ပြင်းထန်စွာ ဟစ်အော်ပြီးလျှင် ''စာရေးတော်ကြီးမင်း။ စာရေးကြီးကတော်က

* ပလ္လင်ဝဲယာ၌ ကာထားသည့်တန်း။

mgyoe.com

mgyoe.com SAMPLE BOOK

'မုန့်အိုးကင်းကပ်စားရအောင် မြန်မြန်လာပါ။' အခေါ် စေလွှတ်ပါသည်။''ဟု ပြောဆိုသောအခါ ကြားသမျှ မင်းပရိသတ်တို့သည် ဝိုင်း၍ ပြောင်လှောင်ရယ်မောကြလေ၏။

ထိုအခါ စာရေးတော်ကြီးသည် တော်ရာသို့ ခေါ်ပြီးလျှင် ထိပ်ကိုပုတ်၍ ''မောင်မင်းသည် မင်းပရိသတ်တို့အလယ်၌ ငါ့ကို အရှက်ရအောင် မုန့်အိုးကင်းကပ်ကို စားရန် ဟစ်အော်၍ခေါ်သည်။ နောင် တစ်စုံတစ်ရာကိစ္စရှိလျှင် လူပရိသတ်တို့ရှေ့ ဟစ်အော်၍ မခေါ်နှင့်။ မျက်ရိပ်မျက်ခြည် မျက်စနှင့် ခေါ်ရမည်။''ဟု ပြောဆိုလေ၏။

စကားတောင်စားလည်း ''နောင် တစ်စုံတစ်ရာကိစ္စရှိလျှင် မျက်စနှင့် ခေါ်ပါမည်။''ဟု ပြောဆိုလေ၏။

## ပေါ့ပေါ့ပါးပါး

တစ်ရံရောအခါ အိမ်နှင့်မနီးမဝေး မီးလောင်သောအခါ အိမ်ထောင်ပရိဘောဂတို့ကို အိမ်အပြင်သို့ သယ်ထုတ်ကြရာ စာရေးတော်ကြီးကတော်က ''ပေါ့ပေါ့ပါးပါးကိုသာ သယ်ပါ။'' ဟူ၍ အဖိုးတန်သောပစ္စည်းများကို ယူစေလို၍ပြောသည်ကို စကားတောင်စားသည် အိမ်အောက်က ပေါ့ပါးသော ဖွဲတောင်းတွေကို ချီ၍ ထုတ်လေ၏။

ထိုအခါ စာရေးတော်ကြီးကတော်က ''ပေါ့ပေါ့ပါးပါးကို သယ်ပါဆိုတာကို အဘယ်ကြောင့် ဖွဲတောင်းကို သယ်ရသလဲ။''ဟု မေးမြန်းရာ၊ ''ဖွဲတောင်းသည် အပေါ့ဆုံးဖြစ်၍ သယ်ပါသည်။''ဟု ပြောသောအခါ၊

စာရေးတော်ကြီးကတော်က ''မင်း မသယ်ပါနှင့်တော့။ စာရေးတော်ကြီးကိုသာ မြန်မြန်ခေါ်ပေးပါ။''ဟု ပြောဆိုလေ၏။


mgyoe.com

မျက်ရိပ်မျက်ခြည်

ထိုအခါ စကားတောင်စားသည် နန်းတော်သို့ ဝင်သွား၍၊ လှေကားတော် ဦးကထိုင်ပြီး မျက်စပစ်၍သာ နေလေ၏။

အချိန်ကုန်၍ စာရေးတော်ကြီး အပြင်ဘက်သို့ ထွက်လာသောအခါ၊ မျက်စပစ်သည်ကိုမြင်၍၊ "မောင်မင်းသည် သည်နေရာမှာထိုင်၍၊ မျက်ခုံးကို ဘယ်အတွက်ကြောင့် လှုပ်၍နေသနည်း။" ဟု မေးသောအခါ၊ စကားတောင်စားသည် စာရေးတော်ကြီး နားနားကိုကပ်၍ "မီးလောင်သည်။" ဟု ပြောလေ၏။

ထိုအခါ စာရေးတော်ကြီးက အပြင်ဘက်သို့ ထွက်ကြည့်သောအခါ မီးခိုးကို မမြင်ရ၍၊ "ဘယ်အချိန်က လောင်သနည်း။" ဟု မေးမြန်းလေ၏။

စကားတောင်စားက "နေ့လယ်ကပင် လောင်ပါသည်။"ဟု ပြောဆိုသောအခါ၊ "မင်းရောက်တာ ဘယ့်ကလောက်ကြာပြီလဲ။" ဟု မေးမြန်းလေ၏။

စကားတောင်စားကလည်း "နေ့လယ်ကပင် ကျွန်တော် ရောက်ပါသည်။ စာရေးတော်ကြီးမင်းက 'မျက်စနှင့်သာ ခေါ်ရမည်' မှာထားသောကြောင့် မျက်စပစ်၍ ခေါ်နေပါသည်။" ဟု ပြောဆိုလေ၏။

ထိုအခါ စာရေးတော်ကြီးသည် အိမ်သို့ ပျာယီးပျာယာ ပြန်၍သွားသောအခါ၊ ကံအားလျော်စွာ အိမ်အနီးကျမှ မီးငြိမ်း၍ သွားသောကြောင့်၊ ပစ္စည်းများကို ပြန်၍ အိမ်ပေါ်သို့ သယ်ပြီးသည်နောက်မှ ရောက်ကြလေ၏။

ထိုအခါ "နေ့လယ်က မီးလောင်၍ အခေါ်ခိုင်းပါသည်ကို ညနေမှ လာရမည်လား။"ဟု စာရေးကြီးကတော်က ပြောဆိုသောအခါ၊

"စကားတောင်စားသည် မျက်စပစ်၍ နေသည်ကို ငါမသိသောကြောင့် ကြန့်ကြာပါသည်။" ဟု ပြောဆိုသောကာလ၊ စာရေးတော်ကြီးကတော်က "အိမ်မှာ အရေးအကြောင်းရှိ၍လည်း အသုံးမကျ။ စကားအရာမှာလည်း အင်မတန်ကတ်သည်။ မင်း သွားတော့။" ဟု နှင်ပြန်လေ၏။


mgyoe.com

ထိုအခါ "လ ၂ လ မြင်ရမှ သွားမည်။"ဟု ပြောဆိုပြီးလျှင် အတင်းကတ်၍ နေမြဲနေထိုင်လေ၏။

## ကလေးကြည့်ရန်

တစ်နေ့သ၌ စာရေးတော်ကြီးကတော်သည် ဝယ်ခြမ်းရန်အများ ရှိ၍ ကလေးကို ပုခက်ထဲ၌ သိပ်ပြီးလျှင် စကားတောင်စားကို "ကလေး ကြည့်ရစ်ပါ။"ဟု မှာထားခဲ့လေ၏။

စာရေးတော်ကြီးကတော် ဈေးသို့သွား၍ အတော်ကြာသောအခါ၊ ကလေးနိုး၍ ငိုပြီးလျှင် ပုခက်ပေါ်မှ လိမ့်ကျလေ၏။ စကားတောင်စားသည် လက်ပိုက်၍ ထိုင်ပြီးလျှင် သေသေချာချာကြည့်လေ၏။

ထိုနောက် ကလေးသည် ၄ ဖက်ထောက်၍ သွားပြီးလျှင် လှေကားပေါက်ဝမှ တလိမ့်တလိမ့်ကျသွားလေ၏။ စကားတောင်စားသည် ကျပုံနှင့်တကွ သေသေချာချာကြည့်၍ မှတ်သားပြီးလျှင်၊ ကလေးအနီး၌ ဆင်းပြီးလျှင် မျက်တောင်မခတ်ဘဲ ရပ်၍ ကြည့်လေ၏။ ထိုအခါ ကလေးသည် ထိပ်ပေါက်၍ သွေးသံရဲရဲနှင့် မြေ့နေအောင် ငိုလေ၏။

ထိုအခါ စာရေးတော်ကြီးကတော်သည် ဈေးကပြန်လာရာ အဝေးက မြင်၍ ရင်ပတ်ကိုတီးပြီးလျှင်၊ "ကလေးကို ကြည့်ရစ်ပါဟု မှာထားပါလျက် မင်း မကြည့်သောကြောင့် ကလေးတစ်ကိုယ်လုံးသည် သွေးရဲရဲသံရဲရဲနေသည်ကို မင်းသည် မမြင်ဘူးလား။" ဟု အော်ငေါက်၍မေးသောအခါ၊ စကားတောင်စားသည် "ရွှေကြက်ယက်ဘုရားကို စူးရပါစေရဲ့။ ကျွန်တော် ကြည့်ပါသည်။ အဦးအစပထမက ကလေးသည် ပုခက်ပေါ်က တစ်ကြိမ်ကျပါသည်။ ထိုနောက်မှ ၄ ဖက်ထောက်၍ လာပြီးလျှင်၊ လှေကားပေါက်ဝက တလိမ့်တလိမ့် ကျသွားပြီးလျှင် လှေကားပေါင်နှင့် ဦးခေါင်း ရိုက်မိပါသည်။ ကျွန်တော်လည်း



mgyoe.com

'ကြည့်ရမည်' မှာထားသည့်အတိုင်း စေ့စေ့စပ်စပ် ကလေးကိုသာ ကြည့်၍ နေပါသည်။''ဟု ပြောဆိုသော်၊ အတွင်းစာရေးတော်ကြီးသည် နန်းတော်မှလာ၍ အကြောင်းအရာကို မေးမြန်းပြီးလျှင်၊ ၄င်းနေ့ည လ,လည်း အလွန်သာသည်နှင့် ရေအင်တုံထဲ၌ လရိပ်ကိုမြင်သောအခါ စာရေးကြီး သတိရ၍ စကားတောင်စား ကို ခေါ်ပြီးလျှင်

''မိုးပေါ်၌၁လ, ရေထဲ၌၁လ၊ လ ၂ လ ရှိပြီ။ သို့ဖြစ်သော ကြောင့် မင်းအိမ်ကို သွားတော့။'' ဟု နှင်လိုက်ရလေ၏။

စကားတောင်စားသည် ''လ ၂ လ ရှိပေပြီ။'' ဟူ၍ ပြောဆိုပြီးလျှင်၊ နောက်ကို ၂ လ လောက် ကျွန်တော် နေပါရစေဦးတော့။''ဟု ပြောဆိုသောအခါ၊ စာရေးတော်ကြီးကတော်က ''အလို- မောင်မင်းကြီးသား။ မောင့်ခြေဖျားကို ဦး ၃ ကြိမ် ချပါရဲ့။ ကြွတော်မူပါတော့။'' ပြောဆိုသောကြောင့် စကား တောင်စားသည် အမိအိမ်သို့ ပြန်သွားလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

## စကားတောင်စားနှင့်ပခန်းသား၊ချည်ပါသား

တစ်နေ့သောအခါ၌ စကားတောင်စားသည် အမိဖြစ်သူကို "ဘုန်းကြီးကျောင်း၌ ထားပေးပါ။"ဟု ပူဆာသောကြောင့် ဘုန်းကြီးကျောင်းသို့ သွား၍ အပ်လေ၏။

ဘုန်းကြီးကျောင်းမှာလည်း ပခန်းက လေက်တိုနှင့် ချည်ပါသား ညီျိတို့သည် ရှိနှင့်ကြလေ၏။

အလျှောက်ပြိုင်ပွဲ

တစ်နေ့သ၌ မြောက်ကျောင်းက ဘုန်းကြီးတစ်ပါးနှင့် မိမိတို့ဆရာဘုန်းကြီးသည် ရွာထဲသို့ ဆွမ်းစဉ်သွားကြရာ၊ စကားတောင်စားက "ငါတို့ဘုန်းကြီးက လမ်းသွားမြန်သည်။" ဟု ပြောဆိုလေ၏။

ချည်ပါသားကလည်း "မြောက်ကျောင်းဘုန်းကြီးက လမ်းသွားမြန်သည်။" ဟု ပြောဆိုလေ၍ ငြင်းခုံကြရာ၊ ဘုန်းကြီး ၂ ပါးသည် သူ့ထက်ငါ မြန်အောင် သွားကြလေ၏။

ထိုအခါ စကားတောင်စားသည် "တို့ဘုန်းကြီးက ရှေ့ကျသည်။"ဟု လက်ခုပ်တီး၍ နောက်က အပြေးလိုက်လေ၏။

မြောက်ကျောင်းဘုန်းကြီးကလည်း မခံချင်၍ လွန်အောင်ပြေးရာ၊ သာ၍ သွားသောကြောင့် ပခန်းသားနှင့် ချည်ပါသားက "မြောက်ကျောင်းဘုန်းကြီးက နိုင်သည်။"ဟု လက်ခုပ်တီး၍ ဟာစ်အော်ကြလေ၏။



mgyoe.com

ဘုန်းကြီး ၂ ပါးတို့သည် ရွာနားသို့ ရောက်၍၊ ''နင်တို့ မြှောက်သော ကြောင့် တို့ပြေးရတာ မောလှပြီ။ တန်ကြတော့။'' ဟု ပြောဆိုလေ၏။

## မန်ကျည်းနှင့် ညောင်

တစ်နေ့သ၌ ဘုန်းကြီးကျိန်းခါနီးတွင် ချည်ပါသားညီုသည် ကြောင် တစ်ကောင်ကို ဖမ်းခဲ့၍၊ ''ကိုယ်တော်နှင့် တပည့်တော် စကားနိုင်ငြင်းမည်။'' ပြောဆိုလျှောက်ထားသောအခါ၊ ဘုန်းကြီးက ''ငါ နိုင်အောင်ငြင်းမည်။ နင် မေးချင်ရာ မေးတော့။''ဟု ပြောဆိုလေ၏။

ချည်ပါသားညီုက ''ကျောင်းအရှေ့က သစ်ပင်ကြီးသည် ဘာပင်တုံး ဘုရား။''ဟု လျှောက်သောအခါ၊ ဘုန်းကြီးက ''မန်ကျည်းပင်'' ဟု ပြော လေ၏။

ထိုအခါ ချည်ပါသားညီုက ''ညောင်ပင်''ဟု ပြောလေ၏။

ဘုန်းကြီးကလည်း 'မန်ကျည်း'ဟု အထပ်ထပ်ပြောလေ၏။

ညီုကလည်း 'ညောင်'ဟု အထပ်ထပ် ပြောလေ၏။

အတော်ကြာသောအခါ ဖျာလိပ်ခေါင်းထဲ၌ ကြောင်ကို ထည့်ထားပြီးလျှင် မိမိကိုယ်စား ကြောင်ကို 'ညောင်-ညောင်'ဟု မြည်အောင်လုပ်၏။ ဘုန်းကြီး ကလည်း ကြောင်က မြည်တိုင်းမြည်တိုင်း 'မန်ကျည်း-မန်ကျည်း'ဟု ငြင်းသော ကြောင့် ဘုန်းကြီးမှာ တစ်ညလုံး မအိပ်မကျိန်းရ။

ညီုမှာ သိုးနေအောင် တစ်ညလုံး အိပ်ရလေ၏။

နံနက်လင်းသောအခါမှာ ကြောင်သည် ဖျာလိပ်ခေါင်းထဲမှာထား၍ မြည်ကြောင်းကို သိရလေ၏။


mgyoe.com

၃ ယောက် စကားနိုင်လုပွဲ

ဘုန်းကြီးက စကားတောင်စားနှင့် ပခန်းက လေက်တို, ချည်ပါက ညှိုတို့ကို ခေါ်၍၊ "မောင်မင်းတို့သည် စကားနိုင် ပြောရမည်။" ဟု ဆိုသော အခါ၊

လေက်တိုက ပြောဆိုသည်မှာ

"ခွေးတစ်ကောင်သည် အလွန် အပြေးကောင်းပါသည်။ ဤကဲ့သို့ အပြေးကောင်းသောခွေးကို မည်သူတစ်စုံတစ်ယောက်မျှ မြင်ဖူးကြမည် မဟုတ်။ အလွန်ထူးဆန်းအောင် ပြေးနိုင်သောခွေး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ယုန်လိုက်မည်' ဟု တောကို ခေါ်သွားရာ၊ ယုန် ၃ ကောင်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် လိုက်သည်ကို မမြင်လိုက်ရ။ ယုန် ၃ ကောင်စလုံး ချီကိုက်၍ လာသည်ကို တပည့်တော် မြင်ရပါသည်ဘုရား။" ဟု လျှောက်ထားလေ၏။

ဘုန်းကြီးကလည်း "လေက်တိုခွေးသည် ခွေးကောင်းပေ။" ဟု ချီးမွမ်း လေ၏။

ထိုနောက်တစ်ဖန် ချည်ပါသား ညှိုက ပြောဆိုပြန်သည်မှာ

"တပည့်တော်သည် နွားကောင်းကောင်း မြင်ဖူးပါသည်။ ထိုနွားသည် လှည်းပေါ်၌ မိန်းမကြီးတစ်ယောက်ကို တင်၍ အင်းဝမြို့မှ မန္တလေးတောင်ခြေသို့ မောင်းသွားရာ၊ မန္တလေးတောင်သို့ရောက်၍၊ မိန်းမကြီးကို မမြင်သောကြောင့် ပြန်၍ မောင်းသွားရာ၊ မိန်းမကြီးသည် လှည်းပေါ်ကကျသည်မှာ မြေကြီးပေါ် သို့မရောက်ခင် ပြန်၍ ရောက်သောကြောင့်၊ လှည်းပေါ်က ကဗျာကယာဆင်း၍ အမယ်ကြီးကို မြေသို့မကျအောင် လက်နှင့် မယူပြီးလျှင် လှည်းပေါ်သို့ ပြန်တင် ရပါသည်။"ဟု ပြောဆိုလေ၏။

ထိုအခါ ဘုန်းကြီးက "မင်းနွားလဲ့ည်း နွားကောင်းပေ။" ဟု ချီးမွမ်း လေ၏။



mgyoe.com

ထိုနောက် စကားတောင်စားက ပြောဆိုလျှောက်ထားသည်မှာ

"တပည့်တော်သည် ထမ်းပိုးကောင်း တွေ့ဖူးပါသည်။ တပည့်တော် မြင်ဖူးသော ထမ်းပိုးသည် တစ်ဖက်တစ်ချက် ကော့ကော့ထမ်းသောအခါ ကျိုတ် ကျိုတ်မြည်၍၊ ထမ်းစအခါ၌ ထမ်းပိုးနှင့် ပခုံးသည် လက် ၁ လုံးလောက် ကွာ ပါသည်။ တော်တော်ကလေးထမ်းမိသောအခါ ပခုံးနှင့် ထမ်းပိုးသည် ၁ ထွာ လောက် ကွာပါသည်။ ခရီး ၁ တိုင်လောက် သွားမိသောအခါ ထမ်းသောသူ သည် တောင်းထဲ၌ ထိုင်၍လိုက်ရပါသည်။" ပြောဆိုလျှောက်ထားလေ၏။

ထိုအခါ ဘုန်းကြီးက "မင်းတို့ ယခုပြောသောစကားများတွင် စကား တောင်စား၏ထမ်းပိုးက သာ၍ ကောင်းပေသည်။" ဟု ချီးမွမ်းလေ၏။

## ပိုကြီးသည့်ဆီးသီး

ထိုနောက် ချည်ပါသားက "ဆီးသီးများသည် ဘယ်ကလောက်ကြီးတာ မြင်ဖူးကြပါသလဲ။"ဟု မေးမြန်းသောအခါ၊ စကားတောင်စားက "ငါမြင်ဖူး သော ဆီးသီးသည် မင်းတို့ပြောမည့်ဆီးသီးထက် တစ်ဆိတ်ကြီးသည်။"ဟု ပြောဆိုသောကြောင့် ချည်ပါသားက အရှုံးပေးရလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

ငလက်တို့နှင့်ညို တစ်ကျိတ်တည်း

တစ်နေ့သ၌ ငလက်တို့နှင့် ငညိုတို့သည် အင်းဝမြို့ထဲ၌ ထင်ရှားကျော်စောသော သူဌေး ဦးပြောင်သည် ကွယ်လွန်အနိစ္စရောက်ရာ၊ သားမောင်ကောင်းဇန်သည် အဖ ဦးပြောင်၏ အမွေအနှစ် ဥစ္စာပစ္စည်းများကို တစ်လုံးတစ်ဝတည်းရကြောင်း သတင်းရရှိသောကြောင့်၊ "ဦးပြောင်မသေမီက ငွေ ၁ တင်း အပ်ထားကြောင်းနှင့် ပခန်းသား ငလက်တိုက ဘုန်းကြီးလုပ်၍ ပြောဆိုမည်။ ချည်ပါသား ငညိုက ကပ္ပိယဒကာလုပ်၍ သက်သေခံရန်အကြောင်းများ"ကို တိုင်ပင်ညှိနှိုင်းကြပြီးလျှင်၊ ပခန်းသား ငလက်တိုက သျှောင်တစ်လုံးကို အဆုံးခံ၍ ဘုန်းကြီးလုပ်ရလေ၏။ ချည်ပါသား ငညိုကလည်း ကပ္ပိယလုပ်၍ စာထုပ်နှင့် သက်န်းထုပ်များကို ထမ်းပြီးလျှင် နောက်က လိုက်လေ၏။

သူဌေးသား မောင်ကောင်းဇန် အိမ်ပေါ်သို့ ရဲရင့်စွာ တက်သွားသောအခါ မောင်ကောင်းဇန်သည် ဘုန်းကြီးကိုမြင်လျှင်၊ နေရာထိုင်ခင်းများကို ကောင်းမွန်စွာခင်း၍ ရိုသေစွာ ရှိခိုးပြီးလျှင်၊ "ဘယ်အကြောင်း ဘယ်ကိစ္စနှင့် ကြွလာတော်မူပါသနည်း။"ဟု လျှောက်ထားသောအခါ ဘုန်းကြီးငလက်တိုက ပြောဆိုသည်မှာ

"သွားလေသူ ဒကာကြီး သူဌေးဦးပြောင်ထံ လွန်ခဲ့သော ၃ နှစ်လောက်က ငွေ ၁ တင်း အပ်နှံ၍ထားပါသည်။ ၄င်းငွေကို ကျွန်ုပ် အသုံးလို၍ အလိုရှိသောကြောင့် တောင်းမည်ဟု ကြံစည်နေသည်အတွင်း ဒကာကြီးသည် သေဆုံးကြောင်း ကြားသိသည်နှင့်၊ ချက်ချင်းဂင် လာ၍ပြောမည်ရှိရာ ဒါယကာလေး၌ ပရိဒေဝဒုက္ခဖြစ်နေသည်လည်း တစ်ကြောင်း၊ ရှာပနကိစ္စကို သဂြိုဟ်ကြရန် အရေးကလည်း ရှုပ်ထွေး၍နေသည်လည်း တစ်ကြောင်း၊ ကျွန်ုပ်တို့ရဟန်းများ


mgyoe.com

သည် လှူဒါန်းကျွေးမွေးနေသည့်အခါ မပင့်ဘဲ မလာကောင်းသည်လည်း တစ်ကြောင်း၊ သို့အကြောင်းများကြောင့် ၄င်းငွေကို ယခုလာ၍ တောင်းရပါသည်။ တမလွန်ဘဝသို့ ပြောင်းသွားသော မွေးသဖခင်၏ ကောင်းမွေကို ခံစံရသည့်အတိုင်း ဤမျှလောက်ခန့်အနည်းငယ်သော ကျွန်ုပ်ယုံ၍ အပ်နှံထားသော ငွေ ၁ တင်းကို သေသူဖခင်က မှာထားခဲ့ပါလျှင်လည်း ယခု ပေးစေလိုကြောင်း။''နှင့် ပြောဆိုလေ၏။

ထိုအခါ သူဌေးသား မောင်ကောင်းဇနက လျှောက်ထားသည်မှာ ''အရှင်ဘုရားအမိန့်ရှိသော စကားသည် ရဟန်းပင်ဖြစ်သော်လည်း တပည့်တော် မယုံကြည်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၄င်းအကြောင်းကို တပည့်တော်၏ဖခင်လည်း ပြောသံ မကြားဖူးပါ။ အရှင်ဘုရားမျက်နှာကိုလည်း တစ်ကြိမ်တစ်ခါ မမြင်ဖူး။ တပည့်တော်ဖခင် ရှိစဉ်ကလည်း လာရောက်တော်မူသည်ကို မမြင်ဖူးဖြစ်ပါ၍ ၄င်းစကားသည် ယုတ္တာယုတ္တိမရှိသောကြောင့် တပည့်တော် မပေးနိုင်ပါ။''ဟု ပြောဆိုသောအခါ၊

ဘုန်းကြီးလက်တိုသည် ပြင်းထန်စွာ စိတ်ဆိုးယောင်ပြ၍ ပြောဆိုသည်မှာ၊

''ဒကာကလေးသည် မိဘကောင်းမွေကို ခံစံသည်။ မိဘတာဝန်ရှိသော ပစ္စည်းကိုကား မပေးလို။ ၄င်းငွေ ၁ တင်းသည် အိမ်ကိုလာ၍ ငါထမ်းပို့သည် မဟုတ်။ ဒကာကြီးဦးပြောင်သည် ငါ့ကျောင်းကို ခဏခဏလာ၍ ဆရာဒကာဖြစ်ကြသည်အတိုင်း အနာမာသဝတ္ထု*သည် ရဟန်းတို့လက်ဝယ် ထားကောင်းသည်မဟုတ် ဖြစ်သောကြောင့်၊ ၄င်းငွေ ၁ တင်းကို ဟောသည်ကပ္ပိယကိုယ်တိုင် ထုတ်၍ ပေးအပ်လိုက်ရပါသည်။'' ဟု ပြောဆိုသောအခါ၊

ချည်ပါသားညိုက ''ကိုယ်တော်သည် ဒေါသကို ရှေ့မထားဘဲ စဉ်းစား၍ ပြောတော်မူပါ။ ရဟန်းတို့မည်သည်မှာ မုသားပြောကောင်းသည် မဟုတ်ပါ။

---

* ရဟန်းတို့နှင့်မအပ်စပ်သော။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ပစ္စည်းကိုလည်း ပို၍ မယူကောင်းပါ။ သူဌေးဦးပြောင် ကျောင်းသို့လာစဉ်က တပည့်တော်ကိုယ်တိုင် ထုတ်ပေးလိုက်သည်မှာ ငွေ ၁ တင်း ပြည့်သည်မဟုတ်။ အကွပ်အောက်တွင်သာ ရှိပါပေသည်။ မပြည့်ဘဲနှင့် အပြည့်လုပ်၍ တောင်းလျှင် ကိုယ်တော်အပေါ်၌ အပြစ်မလွတ်ပါ။ သို့ဖြစ်သောကြောင့် သူဌေးဦးပြောင်ကို အပ်လိုက်စဉ်အခါက တပည့်တော်မျက်မြင် ကျမ်းသစ္စာဆိုဝံ့သည်မှာ ၁ တင်း မပြည့်ပါ။ အကွပ်အောက်တွင်သာ အပ်နှံကြောင်းကို သိမြင်ပါသည်။'' ဟု ပြောဆိုလေ၏။

ထိုအခါ သူဌေးသား မောင်ကောင်းဇန်က ''ကိုယ်တော်ပြောသောစကားမှာ 'ငွေ ၁ တင်း' ဟူ၍ အမိန့်ရှိသည်။ ကိုယ်တော့်ကပ္ပိယက 'အကွပ်အောက်မျှသာရှိသည်။' ဟု ဆိုသည်။ သို့ဖြစ်၍ တပည့်တော်အဖ၌ သံသရာဝန်ကင်းအောင် ကိုယ်တော့်ငွေကို အကွပ်အောက်မျှသာ ပေးဆပ်နိုင်မည်။''ဟု ပြောဆိုပြီးလျှင် တင်းတောင်းနှင့်ငွေကို အကွပ်အောက်တွင် ထည့်၍ ပေးလိုက်လေ၏။

ဘုန်းကြီးလေက်တိုနှင့် ညပြိုတို့သည် ငွေကိုရ၍ စိတ်ထဲကဝမ်းမြောက်ဝမ်းသာနှင့် အိမ်ပေါ်မှ ဆင်းသွားကြလေ၏။

ထိုအကြောင်းကို အစွဲပြု၍ မသမာဘူးထင်သော လူ ၂ ဦးတို့ကို တွေ့ကြုံကြသောအခါ 'လေက်တိုနှင့် ညပြို တစ်ကျိတ်တည်း။' ဟု ယခုတိုင် ပုံပြု၍ ပြောကြစမြဲဖြစ်လေ၏။

## ကောက်ရိုးပုံနှင့်ကျွဲစားခြင်း

ထိုနောက် လေက်တိုနှင့် ညပြိုတို့သည် ၄င်းငွေများကို ခွဲဝေကြရာ လေက်တိုက ''ငါသည် သျှောင်တစ်လုံးကို အဆုံးခံ၍ သက်န်းဝတ်ပြီးလျှင် များစွာပြောဆိုရသည်ဖြစ်၍ ၃ ပုံ ပုံပြီးလျှင် ၁ ပုံကို မင်းအား ပေးမည်။''


mgyoe.com

ပြောဆိုသောအခါ၊ ချည်ပါသား ညီကြ "မင်း အလိုအလျောက်ပြောဆို၍ သူ့ဒွေးသားက ယုံကြည်သည် မဟုတ်။ ယုံလောက်အောင် ငါ ကြံစည်၍ သက်သေခံသောကြောင့် ငှင်းငွေများကို ရသည်။ မင်း ၁ ပုံသာ ရသင့်သည်။ ကျန်သည့် ၂ ပုံကို ငါယူမည်။" ဟု ပြောဆို၍ ချည်ပါသားညီသည် ငွေအိတ် ထမ်းပြီးလျှင်၊ တောတန်းကလေးကို ဝင်၍၊ အခင်းကြီးငယ် ပြုလုပ်မည် လက္ခဏာနှင့် ကောက်ရိုးပုံကြီးထဲသို့ ဝင်၍ပုန်းအောင်းနေလေ၏။

ထိုအခါ ပခန်းသားလက်တိုက 'ညီသည် ငွေကို ဝေရမည်စိုး၍ အားလုံးယူပြီးလျှင် ထွက်ပြေးလေပြီ။' ဟု စိတ်က အောက်မေ့၍၊ ငှင်းတောတန်း ကလေးကိုဖြတ်၍ အရှေ့ဘက်သို့ကြည့်လိုက်သောအခါ၊ လယ်ကွင်းကြီး ဖြစ်၍ နေသောကြောင့် 'တစ်စုံတစ်ရာထွက်ပြေးသည်ကို မမြင်။ ပြေးစရာလမ်းလည်း မရှိ။ စိတ်အထင်မှာ ကောက်ရိုးပုံထဲ၌ ပုန်းအောင်း၍နေမည်ထင်သည်။' ဟု သဘောရသောကြောင့် တဲကလေးတစ်ခုသို့ ဝင်၍ ကျွဲခလောက် ငှားပြီးလျှင်၊ ကောက်ရိုးပုံနား၌ ကောက်ရိုးကို ကျွဲစားဘိသကဲ့သို့ ခလောက်ကိုလှုပ်၍ ကောက်ရိုးပုံနားသို့ ကပ်လေ၏။

ထိုအခါ ကောက်ရိုးပုံအတွင်း၌ ပုန်းအောင်း၍နေသော ချည်ပါသား ညီသည် မိမိကိုယ်ကို ကျွဲနင်းလိမ့်မည်ကို ကြောက်သောကြောင့် ကောက်ရိုး ပုံတွင်းက "ဟဲ့ကျွဲ-ဟဲ့ကျွဲ" ဟုဆို၍ မောင်းလေ၏။

ထိုအခါ လက်တိုက "ညီ။ ထွက်ခဲ့။" ဟု ခေါ်၍ ညီ ကောက်ရိုး ပုံထဲက ထွက်ရလေ၏။

ထို့နောက် ခရီးလမ်းစဉ်အတိုင်း သွားကြရာ လက်တိုသည် တပိုတပါး သွား၍နေခိုက်၊ ရုတ်တရက် အိမ်တစ်အိမ်သို့ တက်ပြီးလျှင် အိမ်ရှင်ကို "ငွေပေး


mgyoe.com

mgyoe.com SAMPLE BOOK


ပါမည်။ ကျွန်တော့်ခြေရင်း၌ ငိုပါ။'' ဟု ပြောဆိုပြီးလျှင်၊ ၄င်းအိမ်က ပုဆိုးသစ်ကြီးကိုလွှမ်း၍ မျက်နှာပါအုပ်ပြီးလျှင်၊ လူသေနှင့်တူအောင်လုပ်၍ နေလေ၏။

လေက်တိုသည် တပိုတပါးကထွက်လာရာ ညိုကို မမြင်သောကြောင့် စဉ်းစားဆင်ခြင်သည်မှာ 'ညိုသည် အဝေးခရီး လွန်မည် မဟုတ်သေး။ သည်အိမ်ဝ၌ ပျောက်သွားသောကြောင့် သည်အိမ်ထဲ၌ ပုန်းလျှိုးနေလိမ့်မည်။' ထင်သောကြောင့် အိမ်ဝကနေ၍ ကြည့်လိုက်သောအခါ မသာကိုမြင်ရ၍၊ ညိုသည် မသာလုပ်၍နေသည်ဟု ထင်သည်။' စိတ်ကအောက်မေ့ပြီးလျှင်၊ ပြောဆိုသည်မှာ

''အိမ့်ရှင်ဘုရားအစ်မကြီး ငို၍နေသော မသာကို ကျွန်တော် ရှင်အောင်ကုပါ့မည်။''ဟု ပြောဆို၍ အပ်ကို မန်းခြင်းပြုပြီးလျှင်၊ ၄င်းအပ်နှင့် ထိုးသောကြောင့် ညိုသည် ကပျာကယာထ၍၊ ''မင်းကို ငါ ကျီစားပါသည်။'' ဟု ပြောဆိုလေ၏။

ထိုနောက် ညိုတို့အိမ်အနီးသို့ရောက်၍ လေက်တိုထံ ငွေများကို အပ်နှံထားပြီးလျှင်၊ စနည်းနာခြင်းပြု၍ ရွာထဲသို့ ဝင်သွားလေ၏။

မိမိဖခင်နှင့် တွေ့သောအခါ ''ဖခင် ကျွန်တော်တို့ ၂ယောက်မှာ ငွေ ၁ တင်း ရခဲ့ပါသည်။ ၄င်းငွေမှာ ကျွန်တော်က ကပ္ပိယလုပ်၍ သက်သေခံရပါသည်။ လေက်တိုက 'သျှောင်တစ်လုံးကို အဆုံးခံ၍ သက်န်းဝတ်ပြီးလျှင် လိမ်ရသည်။'ဟု ၂ ပုံ အလိုရှိပါသည်။ သို့ဖြစ်၍ ဖခင်က ယခုမြန်မြန် ရွာရှေ့က ညောင်ပင်ကြီးခြေရင်းက ညောင်ခေါင်းထဲကို ဝင်ပြီးလျှင် နေနှင့်ပါ။ ကျွန်တော်သည် လေက်တိုနှင့်လာ၍ အယူခံပါမည်။ 'ညိုမှာ သက်သေခံရသူဖြစ်၍ ၂ပုံ ရထိုက်သည်။ ငါညောင်စောင့်နတ်၏စကား နားထောင်ရမည်။' ဟု ဖခင်က ပြောဆိုပါ။ ကျွန်တော်တို့ ယခုပင် လာပါ့မည်။ ဖခင် မြန်မြန်သွား၍ ညောင်ခေါင်းထဲသို့ ဝင်နှင့်။''ဟု ပြောဆိုလေ၏။


mgyoe.com

ထိုနောက် လေက်တိုကို သွား၍ပြောပြန်သည်မှာ

"မင်းနှင့်ငါသည် ငွေဝေ၍ မညီနိုင်။ ရွာရှေ့က ညောင်ပင်တွင် ညောင်စောင့်နတ်ကြီးထံ သွား၍ အယူခံမည်။"ဟု ပြောဆိုရာ၊ "ကောင်းပါပြီ။ မင်းသဘောရှိရာ အယူခံ၍ ဝေခြမ်းပါတော့။"ဟု ဆို၍ ငွေအိတ်ကို ထမ်းကြပြီးလျှင်၊ ရွာရှေ့က ညောင်ပင်ကြီးသို့ သွားကြလေ၏။

ညောင်ပင်အောက်ကို ရောက်သောအခါ နေဝင်စအခါဖြစ်၍ ညောင်ခေါင်းထဲ၌ တစ်ဆိတ်မှောင်လေ၏။

ထိုအခါ ညှိကပြောဆိုသည်မှာ "တန်ခိုးကြီးပေလှသော ညောင်စောင့်နတ်မင်း။ အရှင်ကြီးသည် ကျွန်တော်တို့ ၂ ယောက်အား တရားစီရင်တော်မူပါ။ တစ်ယောက်သောသူက သျှောင်တစ်လုံးကို အဆုံးခံ၍ သူဌေးထံ လိမ်လည်ပြီးလျှင် ငွေ ၁ တင်းကို တောင်းရပါသည်။ တစ်ယောက်သောသူက ကပွဲယလုပ်၍ သက်သေခံရပါသည်။ ထိုသူ ၂ ယောက်တို့သည် 'မည်သူက ပို၍ ရထိုက်သည်။ မည်သူက လျှော့၍ ယူထိုက်သည်။'ကို အရှင်ကြီး စီရင်တော်မူပါ။" ဟု ကျယ်စွာသောအသံဖြင့် ချည်ပါသားညှိက ပြောဆိုတောင်းပန်သောအခါ၊

၄င်းချည်ပါသား၏ အဖဖြစ်သူက ညောင်ခေါင်းထဲက အထက်သို့တက်၍ အပေါက်ကလေးက ပြောဆိုသည်မှာ "မောင်မင်းတို့ ၂ ယောက်ငြင်းခုံကြသောအရာကို ငါညောင်စောင့်နတ် စီရင်မည်။ ငါ့စကားကို နားထောင်ကြမည်လော။" ဟု မေးမြန်းသောအခါ၊

ချည်ပါသား ညှိက "နားထောင်ပါမည် အရှင်ကြီး ခွဲဝေပေးသမျှကို မငြင်းပယ်ပါ။"ဟု ပြောဆိုသောကာလ ညောင်ခေါင်းထဲက ညှိ့အဖေက ပြောဆိုသည်မှာ- "၄င်းပစ္စည်းများသည် တစ်ဦးသောသူက ကျွန်တော်သည် သျှောင်တစ်လုံးကို အဆုံးခံ၍ ဘုန်းကြီးလုပ်ပြီးလျှင် ၄င်းငွေကို ရအောင် တောင်းရပါသည်။ သို့ဖြစ်၍ ကျွန်တော်က ပို၍ ရထိုက်ကြောင်း။


mgyoe.com

"တစ်ဦးသောသူ၏ ဆင်ခြေစကားမှာ ဤသူသည် ပထမလူည့်ဖြား၍ တောင်းသောငွေကို မယုံကြည်သောကြောင့် ငွေရှင်က ငြင်းပယ်နေသည့်အတွင်း ကျွန်တော်သည် ယုံလောက်သော ပရိယာယ်နှင့်ဝင်၍ သက်သေခံသောကြောင့် ငွေရှင်သည် တစ်ခါတည်းယုံကြည်ပြီးလျှင် ၄င်းငွေများကို ချက်ချင်း ထုတ်၍ပေးသည်ဖြစ်သောကြောင့် ကျွန်တော်က ပို၍ရထိုက်ကြောင်း။

"ဤကဲ့သို့ တရားလို၊ တရားခံတို့၏ ၂ ဖက်စကားကို ငါသောင်စောင့်နတ်သည် ဓမ္မသတ်အစောင်စောင်တို့ဖြင့် နှိုင်းချိန်၍ တရားသက်ထိုက်ရာ ရွေးချယ်ကောက်နုတ်သောအခါ သျှောင်တလုံးကို အဆုံးခံ၍ ပထမပြောဆိုသူမှန်သော်လည်း မိမိစကားကို အယုံမရှိ။ ပျက်ကွက်ပြီးဖြစ်သောကြောင့် မိမိအလိုအလျောက် မရထိုက်။ ဒုတိယ ထောက်ခံ၍ ကြံစည်ပြောဆိုသောသူကြောင့် ရေနစ်ရာမှာ ဆယ်သူရှိဘိသကဲ့သို့ လည်းကောင်း၊ ပျောက်ဆုံးသောပစ္စည်းကို ပြန်၍ရဘိသကဲ့သို့ လည်းကောင်း၊ ကျိုးပဲ့ပျက်စီးသောပစ္စည်းသည် ပြန်၍ အကောင်းဖြစ်အောင် ပြုလုပ်ဘိသကဲ့သို့ လည်းကောင်း၊ ဒုတိယထောက်ခံသောသူ၏ ကျေးဇူးဥပကာရသာလျှင် ဖြစ်သောကြောင့် ဒုတိယလူကပင် အလုံးပိုင်၏။

"သို့သော်လည်း ကြံစည်အားထုတ်စဉ်က စီးပွားဖက်စပ်ပြီးဖြစ်သောကြောင့် လည်းကောင်း၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ဆိုဘိသကဲ့သို့ တစ်ဦးကိုတစ်ဦး ငဲ့ညှာထောက်ထားထိုက်သည်လည်း တစ်ကြောင်း၊ သို့အကြောင်းများကြောင့် ပထမသျှောင်တစ်လုံးကို အဆုံးခံ၍ စီဝရံသက်န်းနှင့် ရဟန်းပြုလုပ်သူက ၁ ပုံ ယူစေ။ ဒုတိယ ထောက်ခံ၍ အင်မတန်ယုံကြည်အောင် ပြောဆိုတတ်ပေသော ၄င်းအလို၏အချုပ်အချာ ကောင်းစွာအရေးပြီးပေသော ဒုတိယထောက်ခံသူက ၃ ပုံတွင် ၂ ပုံကို ရယူစေ။

"ငါ သောင်စောင့်နတ် စီရင်သည့်အတိုင်း ပထမလူအပေါ်၌ '၁ ပုံ တောင် ပေးရမည်လော။' ဟု ဒုတိယလူက မကျေမငြိမ်းဖြစ်ခဲ့လျှင်၊ ငါဆုံးဖြတ်


mgyoe.com

သည်ကို မနာယူခဲ့လျှင် ငါ့ညောင်စောင့်နတ်ကို ဘယ်တော့မှ ခေါ်လားပြောလား သွားလာဝင်ထွက်၍ အရောတဝင် မလုပ်ရ။ ရွှေကြက်ယက်ဘုရား စူးရစေရဲ့။ တစ်ခါတည်း တစ်သက်တွင် သေခန်းဖြတ်။'' ဟု ပြောဆိုလေသည်။

ထိုအခါ ပခန်းက လေက်တိုက ကြံစည်အောက်မေ့သည်မှာ 'ငှင်းညောင် စောင့်နတ်သည် အင်မတန် စကားများသည်။ နတ်အစစ် မဟုတ်။ ညောင်ခေါင်း ထဲတွင် လူ ဝင်၍နေလိမ့်မည်။'ဟု စိတ်ကအောက်မေ့၍၊ ညောင်ပင်အနီး ကောက်ရိုး ပုံကြီးသို့ သွား၍ ကောက်ရိုးအများကို ယူခဲ့ပြီး ညောင်ခေါင်းထဲကို သိပ်လေ၏။ သိပ်ပြီးသောအခါ 'မီးနှင့် ရှို့မည်။' ဟုပြုလုပ်ရာ၊ ညှိုက လေက်တိုကို မီးနှင့် မရှို့အောင်တောင်းပန်၍ လက်ကို အတင်းဆွဲထားလေ၏။

လေက်တိုကလည်း ''မင်းနှင့် ဘာမျှမဆိုင်။ ငါရှို့မည်။'' ဟုပြောဆိုရာ၊ ညှို၏ဖခင်သည် ညောင်ခေါင်းထဲက နေ၍ သေရအံ့သောဘေးကို ကြောက် သောကြောင့် ''ကပ္ပိယနှင့် ဘာမျှမဆိုင်။ ဘုန်းကြီးလုပ်သူ မောင်လက်တိုကပင် လျှင် အားလုံးကုန် ပိုင်ထိုက်ပါသည်။ ကျုပ် အပြောမှား၍ သွားပါသည်။ ချမ်းသာပေးပါ။ မီးနှင့် မရှို့ပါနှင့်။''ဟု ညောင်စောင့်နတ်ကလည်း တောင်းပန် လေ၏။

သို့သော်လည်း လေက်တိုက ရိပ်မိ၍ အတင်း 'မီးနှင့်တိုက်မည်။' ဟု ပြောဆိုရာ ညှိုမှာ လေက်တိုကိုဆွဲထားသည့်အတွက် အဝတ်အစားများကို တောင်မှု မနိုင်အောင်ရှိလေ၏။

ထို့နောက် အကြိမ်ကြိမ်တောင်းပန်၍ မရသောအခါ ညှိုသည်

''အမယ်လေး- ကယ်တော်မူကြပါ။ ရွာက ကြည့်ရှု၍ မနေကြပါနှင့်။ ကျွန်တော့်အဖေ ညောင်ခေါင်းထဲ၌ မီးလောင်၍ သေရပါတော့မည်။'' ပြောဆို သောကြောင့်၊ ရွာက မောင်းကိုထု၍ မီးစည်းမီးခွက်နှင့်တကွ ညောင်ပင်ကို



mgyoe.com

mgyoe.com SAMPLE BOOK

ဝန်းဝိုင်းပြီးလျှင်၊ လေက်တိုကို ဆွဲထား၍ ညီ၏ဆွေမျိုးသားချင်းတို့က ကောက်ရိုးကို အတင်းထုတ်ပြီးလျှင်၊ ညောင်ခေါင်းထဲ၌ရှိသော ညီအစ်ကို "အဘိုးကြီး။ မြန်မြန်ဆင်းခဲ့။ လူပွေလူရှုပ် ဥက္ကာသမားတွေ၏အထဲကို အဘိုးကြီး ဘယ်တော့မျှ မဝင်နှင့်။ အခါခါ သေနေလိမ့်မည်။" ဟု ပြောဆိုကြိမ်းမောင်းကြပြီးလျှင် အဘိုးကြီးကို ရွာထဲသို့ ခေါ်သွားကြလေ၏။

လေက်တိုနှင့် ညီလည်း "တို့နှင့် ကျောင်းနေဖက်ဖြစ်သော စကားတောင်စားသည် 'အင်းဝမြို့၌ မင်း ဖြစ်နေသည်။' ဟု သတင်းကြားသည်။ ၎င်းစကားတောင်စားထံ သွား၍ အယူခံမည်။" ဟု ပြောဆိုပြီးလျှင် ၎င်းငွေအိတ်ကို တစ်ယောက်တစ်လှည့်စီ ထမ်း၍ အင်းဝမြို့သို့ သွားကြလေ၏။

အင်းဝမြို့သို့ရောက်သောအခါ လေက်တိုအိပ်ပျော်နေခိုက် ညီသည် ငွေအိတ်ကို သဲထဲ၌မြှုပ်နှံပြီးလျှင်၊ လူ ၃ ယောက် သက်သေငှား၍၊ "လေက်တို နိုးသောအခါ 'ငွေအိတ်ကို ခွေးချီ သွားသည်။' ဟု ပြောကြပါ။ ပြောသည့်အတိုင်း အောင်မြင်လျှင် အမောင်တို့ ၃ ယောက်ကို ငွေပေးပါမည်။" ဟု ပြောဆိုထားလေ၏။

သက်သေ ၃ ယောက်တို့ကလည်း "ကျုပ်တို့ကိုသာ ငွေပေးပါ။ ခွေးချီသွားကြောင်းကို သက်သေခံ၍ ပြောပါမည်။" ဟု ဆိုသောအခါ၊ "ကောင်းပြီ။ မောင်တို့အတွက်ကို ဆက်ဆက်ကြီး ပေးပါမည်။ အထမြောက်အောင်သာ ပြောဆိုကြပါ။" ဟု တိုင်ပင် မှာထားကြလေ၏။

ထိုနောက် လေက်တိုသည် အိပ်ရာကနိုး၍ ငွေအိတ်ကို မမြင်သောကြောင့် မေးမြန်းရာ၊ ငညီက "ငွေအိတ်ကို ခွေးချီ၍သွားသောကြောင့် အားလုံးလိုက်ကြရာ ခွေးသည် မျက်ခြည်ပြတ်၍သွားသည်။ ခွေးစင်စစ်ဟု အမှန်မထင်။ ဥစ္စာစောင့်များသည် ခွေးယောင်ဆောင်၍ ဥစ္စာကို လုယူသွားသည် ထင်သည်။


mgyoe.com

ငှင်းပစ္စည်းများသည် မမှန်မကန်ရသော ဦးပြောင်၏ပစ္စည်းများ ဖြစ်သည်။ ဦးပြောင်သည် ပစ္စည်းကိုစုံမက်၍ ဥစ္စာစောင့်ဖြစ်နေသည့်လက္ခဏာ ထင်သည်။ ငှင်းဦးပြောင်သည် ခွေးယောင်ဆောင်၍ သူ့ပစ္စည်းကို သူ ယူ၍သွားသည် ထင်သည်။ မင်းနှင့် ငါ့မှာ မသုံးထိုက်၍ ကံကိုသာ အောက်မေ့ရတော့မည်။'' ဟု ပြောဆိုသောအခါ၊

သက်သေ ၃ ယောက်တို့ကလည်း ''ငါတို့သည် ငှင်းငွေအိတ်ကို ခွေးချီ၍ သွားသည်ကို မြင်သောကြောင့် တုတ်ကိုကိုင်၍ လိုက်ကြရာ ခွေးသည် မျက်စိအောက်တွင် ပျောက်ခြင်းမလှ ပျောက်၍သွားသည်။''ဟု အသီးသီး ယုံကြည်လောက်အောင် စိတ်ရောမာန်ပါ ပြောဆိုကြသောအခါ၊

ပခန်းသားလေက်တိုက စဉ်းစားဆင်ခြင်သည်မှာ 'ညှိုသည် ငှင်း ငွေအိတ်ကို ရသည့်နေ့က ခဏခဏအကောက်ကြံ၍ ကောက်ရိုးပုံမှာလည်း ပုန်းအောင်း၍ နေဖူးပြီ။ လူသေလုပ်၍လည်း နေဖူးပြီ။ သူ့အဖနှင့် ပူးပေါင်း၍ ညောင်စောင့်နတ်ပြုလုပ်၍လည်း လိမ်ဖူးလေပြီ။ ယခုတစ်ဖန် ဤလူ ၃ ယောက် ကို တံစိုးလက်ဆောင်ပေး၍ ငွေအိတ်ကို သင့်ရာမှာ မြှုပ်နှံထားသည် ထင်သည်။ အကယ်၍ မြှုပ်လျှင်လည်း အဝေး၌ သွား၍ မြှုပ်မည် မဟုတ်။ အနီး၌သာ မြှုပ်မည် ထင်သည်။ သို့သော်လည်း သက်သေ ၃ ယောက်တို့ကို တစ်ယောက်စီ ခွဲ၍ ငါမေးဦးမည်။' ဟု စိတ်ကကြံ၍၊

တစ်ယောက်ချင်းမေးမြန်းသောအခါ တစ်ယောက်သောသူက ''ခွေးနက် ကြီးသည် တောင်စူးစူးအရပ်ကို ချီ၍သွားသည်။''ဟု ပြောလေ၏။

တစ်ယောက်သောသူက ''ခွေးနီကြီးသည် မြောက်စူးစူးအရပ်ကို ချီ၍ သွားသည်။''ဟု ပြောလေ၏။

တစ်ယောက်သောသူ ''ခွေးကျားကြီးသည် အရှေ့စူးစူးအရပ်သို့ ချီ၍ သွားသည်။''ဟု ပြောလေ၏။



mgyoe.com

ချည်ပါသားညိုကို မေးမြန်းသောအခါ "ခွေးဖြူကြီးသည် အနောက်ကို ချီ၍ သွားသည်။" ဟု ပြောဆိုလေ၏။

ဤကဲ့သို့ တစ်ယောက်တစ်မျိုး ပြောဆိုကြသည်ကို လေက်တိုကြားရသောအခါ လေက်တိုက ပြောဆိုသည်မှာ "မင်းစကားသည် ယုံကြည်ဖွယ်မရှိ။ မင်းတင်ပြသော သက်သေများကလည်း 'ခွေးနီ၊ ခွေးကျား၊ ခွေးနက်ကြီးများ' ဟု တစ်ယောက်တစ်မျိုးစီ ပြောဆိုကြသည်။ သို့ဖြစ်၍ တစ်စုံတစ်ရာ ယုံကြည်ဖွယ် မရှိ။ ဤဥစ္စာသည် ဤသဲထဲ၌ပင် မြှုပ်နှံထားလိမ့်မည် ထင်သည်။ မင်း မြန်မြန်ဖော်လျှင် ဖော်။ အကယ်၍ မဖော်ဘဲနှင့် အရင်ဥစ္စာသည် ပျောက်ဆုံးသည်မှန်လျှင် ယခု ငါ သဲထဲ၌ ဖော်၍ရသောငွေအိတ်သည် မင်းနှင့် တစ်စုံတစ်ရာမျှမဆိုင်။ ငါ့ဘာသာငါ သဲထဲကရသောပစ္စည်းကို ငါချည်း ယူရလိမ့်မည်။" ဟု ပြောဆိုပြီးလျှင်၊ တူးဖော်မည်ဟန် လုပ်လျှင်၊ ညိုသည် "မင်းစိတ်ကို ငါစမ်းပါသည်။ သူငယ်ချင်းဖြစ်၍ ကျီစားသည်ကို စိတ်မဆိုးပါနှင့်။" ဟုဆို၍ မိမိငွေအိတ်ကို မိမိဖော်၍ လေက်တိုကို ပေးရလေ၏။

ထိုနောက် စကားတောင်စားထံသို့ သွားကြရာ 'တောင်သမန်' ဆိုတဲ့ အင်း၏အနီး ဇရပ်ကြီးသို့ ရောက်၍၊ အမောပြေ အိပ်ပျော်ယောင်လုပ်၍ နေသည်ကို လေက်တိုမြင်သောအခါ၊ 'ညိုသည် တစ်ကိုယ်လုံး၌ လိမ်ဖို့ဉာဏ်ကိုသာ ကြံစည်အားထုတ်၍ နေသည်။ ယနေ့လည်း ညို ဘယ်လိုကြံမည် မသိ။ အိပ်ချင်ပြု၍ နေလေပြီ။ သူ့အကဲကို သိရအောင် ငါလည်း တကယ်ပျော်အောင် မအိပ်ဘဲ အိပ်ပျော်ချင်ပြုပြီး အိပ်နေဦးမည်။' ဆို၍ နေလေ၏။

ထိုအခါ ညိုသည် မျက်လုံးကို အသာဖွင့်၍ ကြည့်သောအခါ 'လေက်တို အိပ်ပြီ။ သို့ရာတွင် အိပ်မောကျသည် မကျသည်ကို သိရအောင် ငါ ခေါ်၍ စမ်းဦးမည်။' ဟု အောက်မေ့၍၊ "ဟေ့- လေက်တို။ နေကလေး ညိုပြီ။ သွားကြဦးစို့ရဲ့ ထ ထ။" ဟု ၃ ခါ နှိုးလေ၏။



mgyoe.com

လေးက်တိုကလည်း သင်းအကြံသိရအောင် အိပ်မောကျသည့်လက္ခဏာနှင့်တူအောင် မြဲ၍ အိပ်ချင်ပြုဟန်နှင့် အိပ်နေလေ၏။

ထိုအခါ ချည်ပါသားညိုက 'လေက်တိုသည် လူသေကဲ့သို့ အိပ်ပြီ။' ဟု စိတ်ချ၍ ငွေအိတ်ကိုယူပြီးလျှင် ဇရပ်ပေါ်က ဆင်းသွားလေ၏။

လေက်တိုကလည်း မျက်လုံးကိုဖွင့်၍ အသာကြည့်သောအခါ တံတားအောက်သို့ သွား၍ အိတ်ထဲကငွေကို ထုတ်ပြီးလျှင်၊ အမှိုက်တွေ လုံအောင်ဖုံး၍၊ ၄င်းအိတ်၏အထဲ၌ ကျောက်စရစ်ခဲကို ပြည့်အောင်ထည့်၍ ၄င်းအိတ်ကို ယူခဲ့ပြီးလျှင်၊ အိပ်မြဲတိုင်း အိပ်၍နေသည်ကို လေက်တိုမြင်သောအခါ၊ အိပ်ရာမှထ၍ ချည်ပါသားညိုကို နှိုးလေ၏။

ညိုလည်း အိပ်ချင်ပြုရာက ထ၍ မျက်လုံးကို ပွတ်ပြီးလျှင်၊ လေက်တိုကို လိမ်၍၊ "မောမောနှင့် အိပ်၍ အလွန်ပျော်သည်။ အိပ်ရလျှင် ပျော်သေးရဲ့။" ဟူ၍ ပြောဆိုသောအခါ၊ လေက်တိုသည် 'သည်အကောင်သည် အိပ်တာလည်းမဟုတ်ဘဲနှင့် အိပ်ရာက နိုးယောင်ပြုသည်။ သင်းပရိယာယ်များကို သိရအောင် ငါကြံဦးမည်။' ဟူ၍ စိတ်ကကြံပြီးလျှင် တိတ်တိတ်နေလေ၏။

ထို့နောက် ညိုက "နေအေးပြီ။ သွားကြစို့ရဲ့။" ဟုဆို၍ လေက်တိုကို ရှေ့ကထားပြီးလျှင် တံတားကြီးကို လျှောက်ကြလေ၏။

အလွန်ရေနက်လျှောက်သော နေရာသို့ကျသောအခါ ပုဆိုးကို မပြဲတမြဲဝတ်၍ လဲချင်ယောင်ပြုပြီးလျှင် ကျောက်စရစ်အိတ်ကြီးကို ရေထဲသို့ပစ်ချလိုက်လေ၏။ ညိုလည်း ဒူးနှင့်တံတောင်ဆစ်များတွင် ပွန်းပဲ့၍ အဝတ်ပုဆိုးကိုမျှ မနိုင်အောင် ရှိလေ၏။ လဲရာကထ၍ ထိုင်ပြီးလျှင်၊ ညိုသည် ငိုချင်ပြု၍ "သည်တစ်ခါမှ ဥစ္စာလုံးလုံး ဆုံးချေပြီ။ ဤမျှလောက်ခန့် နက်တဲ့ရေမှာ ဆင်တောင်မျှ မဆင်းဝံ့ဘဲ ငါ ဘယ့်နှယ်ဆင်း၍ ငုပ်ယူရပါမည်လဲ။" ဟု ပြောပြီးလျှင် မကြံနိုင်၍ လက်မှိုင်ကြီးချလျက် နေလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် လေက်တိုက အောက်မေ့သည်မှာ 'သင်းကြံသမျှ အကြံကို ငါဝမ်းထဲ၌ သိပြီးဖြစ်၍ ပရိယာယ်ဝေဝုစ်နှင့် ဟန်လုပ်၍ ငိုသည်များကို အင်မတန် ရယ်စရာကောင်းသည်။ သို့သော်လည်း မသိချင်ယောင်ပြု၍ ဣန္ဒြေမပျက်အောင် နေရဦးတော့။' ဟုကြံ၍၊ ပြောဆိုသည်မှာ

"သူငယ်ချင်း ညေို။ 'ဥစ္စာ'ဟူသော သဘောသည် မမြဲတတ်သော သဘာဝတရားဟု ဘုရားဟောဒေသနာတွင် ကောင်းစွာ ထင်ရှားရှိလေသည်။ မင်းနှင့်ငါသည် မသုံးစွဲထိုက်သော ပစ္စည်းဖြစ်၍ ရေသို့ ကျသွားသည်ကို မည်သူမှ ဆင်း၍ ယူဝံ့မည် မဟုတ်။ ၄င်း တောင်သမန်အင်းထဲတွင်လည်း ဘေးမဲ့လွှတ်ထားသော ငါးကြီးများတို့သည် နွားကိုယ်လုံး၊ ကျွဲကိုယ်လုံးမျှ ပမာဏရှိသောကြောင့် ငါးစားလည်း မခံလို။ ဥစ္စာကိုလည်း မစုံမက်။ အသက် လောက် မချစ်ခင်။ လူမသေလျှင် ငွေမရှား ဆိုဘိသကဲ့သို့ ဆုံးသောပစ္စည်းကို ဆုံးစေတော့။ မင်းလည်း မင်းနေရပ်ကို ပြန်ပေတော့။ ငါလည်း သည်ဇရပ်မှာပင် ၄-၅ရက်ခန့် တည်းခို၍ နေထိုင်ဦးမည်။"ဟုပြောဆိုသောအခါ၊

ညေိုသည် စိတ်ကမလုံ၍ 'လေက်တိုသည် အခါတိုင်းထက် သည်တစ်ခါ သည် ဣန္ဒြေရသည်။ ငါ ငွေဝှက်ထားသည်ကို မုချဧကန် အမှန်သိမည် ထင်သည်။ သို့သော်လည်း ငါ အစ်ဦးမည်။' ဟု စိတ်ကကြံ၍၊

"ရေထဲသို့ကျသော ငွေသည် ဆုံးပြီဖြစ်၍၊ ၄င်းငွေကြောင့် စိတ်ညစ်ပြီး လျှင် သည်ဇရပ်တွင် မနေရစ်ပါနှင့်။ သူငယ်ချင်းဖြစ်၍ ငါ မပစ်ထားခဲ့နိုင် ပါ။"ဟု ပြောဆိုသောအခါ၊

လေက်တိုက "၄င်းငွေ မရသမျှ သည်ဇရပ်က ငါ မသွား။ ကမ်းနား တစ်လျှောက် တံတားအောက်များတွင် ငါ့ဘာသာ ငွေစကြေးစကို လိုက်၍ ရှာဦးမည်။ မင်းဘာသာမင်း ပြန်နှင့်တော့။"ဟု ပြောဆိုလေ၏။

ထိုအခါ ညေိုက 'လေက်တိုသည် စင်စစ်အားဖြင့် အိပ်ပျော်၍နေသည် မဟုတ်။ ငါကြံသမျှ အကြံအစည်ကို သိမည့်လက္ခဏာ ထင်သည်။ အကယ်၍


mgyoe.com

တံတားအောက်တွင် ငါဝှက်ထားသောငွေကို သူ အရင်တွေ့က သူ ကောက်ရသည်ဆို၍ အားလုံးကုန် သိမ်းယူသောအခါ ငါ့မှာ ၁ ကျပ်သားမျှ ရတော့မည် မဟုတ်။ ငါလျှင်သွား၍ ယူပေးမှသာလျှင် တော်ချည့်မည်။'ဟု စိတ်က ကြံအောက်မေ့ပြီးလျှင်၊ ပုပင်သောက ကြောင့်ကြမကင်းသည်ဖြစ်၍ အင်းထဲသို့ ကပျာကယာ ဆင်းသွားပြီးလျှင်၊ တံတားအောက်သို့ ဝင်၍ ငွေအားလုံးကို ပုဆိုးနှင့်ထုပ်ပြီးလျှင် ထမ်းယူခဲ့ပြီးသောအခါ၊

"သူငယ်ချင်းဒမာင်တို့။ စိတ်မဆိုးပါနှင့်။ ရေထဲသို့ ကျသည်မှာ ငွေ မဟုတ်။ ကျောက်ခဲ ဖြစ်ပါသည်။ မင်းကို ကျီစားပါသည်။"ဟု ရယ်မောကာ ပြောလေ၏။

လေက်တိုကလည်း "မင်းလိမ်သမျှအကြံအစည်သည် ငါသိတာချည်း ဖြစ်သည်။ အခြားလူကို မင်းလိမ်လျှင်ရမည်။ ငါ့ကို မလိမ်နှင့်။ တန်တော့-တန်တော့။" ဟု ပြောဆိုပြီးလျှင်၊ ငွေကို ပုဆိုးအိတ်ထောင်တွင်ထည့်၍ ထမ်းယူကြပြီးလျှင် စကားတောင်စားအမတ်ကြီး ရှိရာသို့ သွားကြလေ၏။

**စကားတောင်စားနှင့်တွေ့ပြီ။**

စကားတောင်စားအိမ်သို့ ရောက်သောအခါ စကားတောင်စားသည် ကျောင်းနေဖက်သူငယ်ချင်း မှန်သည့်အတိုင်း လေက်တိုနှင့် ညိုတို့ကို ခရီး ဦးကြိုနှုတ်ဆက်ပြီးလျှင် လောကွတ်ပျူငှာလုပ်၍ နေရာထိုင်ခင်းပေးလေ၏။

စကားတောင်စားက ကြံအောက်မေ့သည်မှာ

'တစ်ယောက်က ပခန်းသား၊ တစ်ယောက်က ချည်ပါသား။ စကားအရာမှာ များစွာ စဉ်းလဲကောက်ကျစ်သူများ ဖြစ်လေသည်။ ရောက်ရာအရပ်မှာလည်း လိမ်လည်စဉ်းလဲ၍ အသက်မွေးတတ်သည်။ ယခုလာကြသည်မှာလည်း မည်သည့် အကြံအစည်နှင့် လာကြသည်ဟူ၍ မသိရသေး။ သင်းတို့အကြောင်းကို ငါမခံ။


mgyoe.com

သင်းတို့အကြံကိုလည်း မသိရသေး။ 'ခေါင်းတုံး(ကတုံး)ပေါ်တွင် ထိပ်ကွက်သည်။' ဆိုသောစကားပုံကဲ့သို့ ငါကသာ ဦးအောင် ကြောမည်။'ဟု သဘောဒ္ဒ ထားလေ၏။

ထို့နောက် စကားတောင်စားက ပြောဆိုသည်မှာ

''မင်းတို့သည် ငါက မင်းဖြစ်သည်ဟူ၍ မကြောက်ကြပါနှင့်။ ဘုရားလည်း မထူးကြပါနှင့်။ ရှေ့ကကဲ့သို့ ပြောဆိုကြပါ။ သို့ရာတွင် မင်းတို့လာသောကိစ္စကို တစ်ခုမကျန် ပြောဆိုကြပါ။ အကြောင်းကိစ္စ အမှုကြီးငယ်ရှိခဲ့လျှင် ငွေစကြေးစကို အပိုအမို မကုန်ကျရအောင် ငါ စောင်မကြည့်ရှုပါမည်။ မင်းတို့ ငွေကုန်လျှင် ငါ့ငွေ ကုန်ဘိသကဲ့သို့ အောက်မေ့ပါသည်။ အကြောင်းရှိသမျှကို ပြောသာပြောပါ။''ဟု မေးမြန်းသောအခါ လေက်တိုက ပြောဆိုသည်မှာ၊

''ယခု ကျွန်ုပ်တို့ဖြစ်ပွားခဲ့သော အမှုသည် ပထမကပင် လိမ်လည်ကြံစည်ခဲ့သောအမှု ဖြစ်၍ ရုံးပြင်ကနားနှင့် မတော်။ သူငယ်ချင်းချင်း ကျိတ်၍ စီရင်ပေးစေလိုသောကြောင့် အမောင့်ထံ လာပါသည်။ ဖြစ်ရင်းမူလမှာ ကျွန်ုပ်က သျှောင်တစ်လုံးကို အဆုံးခံ၍ ကြံစည်ရပါသည်။ ညောိက ကပ္ပိယလုပ်၍ သက်သေခံရပါသည်။ သို့ပါလျက် ငှင်းငွေကို ကျွန်တော်က ပို၍ ရထိုက်သည်။ ညောိက ပို၍ ရထိုက်သည်ကို လူများစွာ မသိရအောင် ခွဲဝေ၍ ပေးစေလိုကြောင်း။''နှင့် ပြောဆို၍ ငွေအိတ်ကို စကားတောင်စားလက်သို့ ပေး၏။

ညောိကလည်း ''မည်သူ စီရင်သည်ကိုမျှ သဘောမကျသော်လည်း သူငယ်ချင်းဖြစ်သူ အမတ်ကြီးစီရင်လျှင် ကျွန်ုပ်တို့ ငြင်းပယ်မည် မဟုတ်။ သဘောရှိရာ စီရင်တော်မူပါတော့။''ဟု ပြောဆိုသောအခါ၊ စကားတောင်စား အမတ်ကြီးကလည်း


mgyoe.com

“မင်းတို့ ၂ ယောက်သည် ငယ်ငယ်ကလေးက ပေါင်းသင်းလာကြသော သူငယ်ချင်းမိတ်ဆွေ ဖြစ်သည့်အတိုင်း တရားသဖြင့် ငါပြောသောစကားကို နားထောင်ကြပါ။ ရှေးသရောအခါ ဝေဒိပ္ပပုဏ္ဏားကြီးသည် မိမိတပည့်ဖြစ်သော ပုဏ္ဏားကလေးနှင့် တောစခန်းတွင် ခရီးသွားကြရာ ခိုးသား ၅၀၀ တို့သည် ဖမ်းဆီး၍ ဝေဒိပ္ပပုဏ္ဏားကြီးကို ပြောဆိုသည်မှာ ‘သင်တို့ ၂ ယောက်သည် တစ်ယောက်သွား၍ ဥစ္စာ ရှာခဲ့ရမည်။ တစ်ယောက်မှာ အချုပ်ခံ၍ နေရစ်ရမည်။ ဥစ္စာရသောအခါမှ ၂ ယောက်စလုံး လွှတ်မည်။’ဟု ပြောဆိုသောအခါ၊ ဝေဒိပ္ပ ပုဏ္ဏားကြီးသည် တပည့်ပုဏ္ဏားကလေးကို ထားခဲ့၍ ဥစ္စာအလို့ငှာ မိမိအိမ်သို့ ပြန်မည်ရှိရာ တပည့်ပုဏ္ဏားကလေးအား မှာကြားခဲ့သည်မှာ၊ ‘ငါမရှိခိုက် ဥစ္စာ မိုးကို ရွာစေတတ်သော ဝေဒိပ္ပမန္တာန်ကို နက္ခတ်နှင့်ယှဉ်သော်လည်း မရွတ်ရစ် နှင့်။’ဟု မှာထားခဲ့၍ မိမိအိမ်သို့ ဥစ္စာယူအံ့သောငှာ သွားသည့်အခိုက်တွင် ဥစ္စာမိုးကို ရွာစေတတ်သောနက္ခတ်သည် ယှဉ်၍နေသည်ကို ပုဏ္ဏားကလေး မြင်သောအခါ ‘ခိုးသားအပေါင်းတို့။ ငါ့ကို ချုပ်ထားသော်လည်း ဥစ္စာရမည် မဟုတ်။ ငါ့ကို လွှတ်လျှင် ဥစ္စာမိုးကို ရွာစေတတ်သောမန္တာန်ကို ငါရွတ်က ဥစ္စာမိုး ရွာလတ္တံ့။ အကယ်၍ ဥစ္စာကိုလိုလျှင် ငါ့ကိုလွှတ်။”ဆို၍၊ လွှတ်သော ကာလ မန္တာန်ကို ရွတ်လေရာ ဥစ္စာမိုး ရွာ၍ ငွေသပြာတို့ကို ထုပ်ပိုးပြီးလျှင် သိမ်းယူကြ၏။ ပုဏ္ဏားကလေးကိုလည်း လွှတ်လိုက်၏။

“ထို့နောက် အခြားသော ခိုးသား ၅၀၀ တို့သည် ယခင်ခိုးသား ၅၀၀ တို့ကို ‘ဥစ္စာပေးရမည်။’ ဟု အတင်းတောင်းလေ၏။ ‘ငါတို့မှာ ပုဏ္ဏားကလေး မန္တာန်ရွတ်၍ ရသည်။ ပုဏ္ဏားကလေးထံ လိုက်၍ မန္တာန်ရွတ်စေရလျှင် သင်တို့ ရလိမ့်မည်။’ဟု ပြောဆိုသောကြောင့် ပုဏ္ဏားကလေးထံ လိုက်၍ မန္တာန်ရွတ် စေရာ၊ နက္ခတ် မကြုံကြိုက်သောကြောင့် မရွတ်နိုင်သည်နှင့် ပုဏ္ဏားကလေးကို သတ်၍ ပစ်ခဲ့ပြီးလျှင်၊ ခိုးသား ၅၀၀ တို့ကို လိုက်၍သတ်ပြီးသောကာလ ဥစ္စာကို ယူကြကုန်၏။


mgyoe.com

"ထို့နောက် မိမိတို့ချင်း သွေးစည်း၍ ခိုးသား ၂၅၀ က ၂၅၀ ကို သတ်၏။ ထို့နောက် တစ်ရွာအစိတ်က တိုင်ပင်၍ သတ်၏။ ထို့နောက် လူ ၆၀ ထက်ဝက် ခွဲ၍ သတ်၏။ ထို့နောက် ၃၀ ထက်ဝက်ခွဲ၍ သတ်၏။ ဤကဲ့သို့ သတ်သွားရာ ၂ ယောက်တည်း ကျန်ကြလေကုန်၏။ ထိုသူ ၂ ယောက်တို့သည် ဥစ္စာကို တစ်ယောက်ကစောင့်၍ တစ်ယောက်က ထမင်းသွား၍ ရှာ၏။ ထမင်းရှာသော သူသည် မိမိ စားဝသောအခါ ကျန်ထမင်းများကို အဆိပ်ရေဆမ်း၍ ယူခဲ့လေ၏။ ဥစ္စာစောင့်သောသူကလည်း ဥစ္စာကို 'ငါချည်းပိုင်အောင် ယနေ့သတ်မည်။' ဟု အကြံပြု၍ နေဆဲကို၊ ရောက်လျှင်ရောက်ချင်း လည်ပင်းကို သံလျက်နှင့် ပိုင်း၍သတ်၍ သေလေ၏။

"ထို့နောက် ကျန်သောသူသည် ဝမ်းမြောက်ဝမ်းသာနှင့် 'ဥစ္စာကို တစ်ယောက်တည်း ပိုင်ပြီ။' ဟူ၍ စိတ်က အောက်မေ့ပြီးလျှင်၊ ထမင်းဆာသော ကြောင့် အဆိပ်ရေဆမ်းသော ထမင်းကို စားသောအခါ အဆိပ်မွန်း၍ ချက်ချင်း သေလေ၏။ ဤပုံဝတ္ထုကို ထောက်၍ မင်းတို့ ၂ ယောက်မှာလည်း ဥစ္စာအတွက် ကြောင့် ပျက်စီးလတ္တံ့သည်ကို ငါ မြင်သည်။ သို့အတွက် မောင်ညို, မောင်တို တို့။ အကျယ်အပွားများစွာ မပြောဆိုကြနှင့်တော့၊ ငါစီရင်ရာကိုသာ လိုက်နာ ကြပေတော့။ အကယ်၍ မလိုက်နာဘဲ သည်စကားကို တစ်ဆင့်ထက်တစ်ဆင့် သတင်းဖြစ်ပွား၍ သူဌေးမောင်ကောင်းဇနိ်ကြားခဲ့လျှင် ၁ ကျပ်သားမျှ ရကြမည် မဟုတ်။ မင်းတို့ ၂ ယောက်စလုံး လိမ်လည်မှုတရားစွဲ၍ ထောင်ထဲမှာ နေကြ ရမည်။ စကားမရှည်နှင့်။ တိတ်တိတ်သာ နေကြပါ။" ဟု ပြောဆိုပြီးသောအခါ၊

"ညီမျှစွာ ငွေကို ၂ ပုံ ပုံပြီးလျှင် တစ်ယောက် ၁ ပုံစီ ယူရမည်။ သို့သော်လည်း တရားစီရင်သူတို့မှာ သူငယ်ချင်းဖြစ်သော်လည်း ထုံးစံကိုမပျက် စေဘဲ တရားစရိတ်များကို ၂ ဦး ၂ ဖက်ကပင် ခံကြရမည်။" ဟု ပြောဆိုပြီးလျှင် စကားတောင်စားအမတ်ကြီး၏အိမ်ဦးခန်းနှင့် စာရေးများကို ညဏ်ပူဇော်ခ


mgyoe.com

တစ်ဖက်လျှင် ငွေ ၂ ပြည်စီ၊ ကောက်ချက်ရေး တစ်ဖက် ၁ ပြည်စီယူ၊ အစစ်ခံစာရေး ၁ ပြည်စီ၊ ဝန်ခံချက်ရေး ၁ ပြည်စီ၊ လုလင်က ၁ ခွက်စီ၊ လက်ဖက်ရည်ဖိုး ၁ စလယ်စီ၊ ကွမ်းဖိုး ၁ စလယ်စီ နုတ်ယူ၍၊ ကျန်ငွေများကို ၂ ဦးသားတို့အား ပေးလိုက်ရာ ငယ်နိုင်ဖြစ်သည် တစ်ကြောင်း၊ မင်းဖြစ်သည် လည်း တစ်ကြောင်း၊ လူကြားမည်ကို စိုးရိမ်သည်လည်းတစ်ကြောင်း။ ၄င်း အကြောင်းများကို တွေး၍ ကြောက်ကြသည်နှင့် အိမ်ဦးခံစာရေးများကို ပြန်၍ မပြောဘဲ၊ ရတတ်သမျှငွေကို ယူ၍ ရှုံ့မဲ့ပြီးလျှင် အသီးသီး မိမိတို့နေရပ်သို့ ပြန်သွားကြလေ၏။

## စားနှင့် ဆားလဲပြီ။

တစ်ရံရောအခါ မြင်းခြံမြို့ ဆိပ်ကမ်း၌ ပခန်းသားလေက်တိုသည် လှေ တစ်စင်းဝယ်၍ သဲအပြည့်တင်ပြီးလျှင်၊ အပေါ်က ဆားဖြူဖုံး၍ ညောင်တုန်းသို့ ဆင်းပြီးလျှင်၊ 'ဓမင်းငပိနှင့် လိမ်၍ လဲရန်' ကြံစည်ပြီးသကာလ မြင်းခြံမြို့မှ စုန်ဆင်းလေ၏။

ချည်ပါသားညိုကလည်း လှေတစ်စင်းဝယ်၍ ထန်းလက်များကို စား လုပ်ပြီးလျှင်၊ အပေါ်ကဆေးဆိုး၍ လုံခြုံစွာအုပ်ပြီးသည်နောက် 'မြစ်ရိုးတစ် လျှောက် ပေါင်နှံရန်' စိတ်က ကြံစည်ပြီးလျှင်၊ ပခုက္ကူမြို့မှ ဆန်တက်လာလေ၏။ ကွမ်းရွာဆိပ်ကမ်းသို့ ရောက်သောအခါ ဆိုက်ကပ်၍ ဈေးနာဝယ်ခြမ်းလေ၏။

မြင်းခြံမြို့က စုန်ဆင်းလာသော လေက်တိုကလည်း ကွမ်းရွာဆိပ်ကမ်းသို့ ဆားလှေကိုကပ်၍ ဆိုက်လေ၏။

ထိုအခါ ညဥ့်သို့ တိုင်ရောက်ကာလ လေက်တို၏အသံကို ညိုက ကြား၍ 'ငါ့သူငယ်ချင်းအသံနှင့် တူသည်။ သူများကိုမလိမ်ခင် ဇာတ်တူသားကို


mgyoe.com

စားသည် ဆိုဘိသို့ လေက်တိုကိုပင် လိမ်ရတော့မည်။' ဟု စိတ်က ကြံ အောက်မေ့ပြီးလျှင် လေက်တိုကို လှမ်း၍ခေါ်လေ၏။

လေက်တိုကလည်း 'ညှိအသံနှင့် တူသည်။ ညှိသည် ငယ်ကတည်းက ငါ့ကို လိမ်နေကျဖြစ်သည်။ သည်တစ်ခါဖြစ်လျှင် ငါက ဦးအောင် လိမ်ရဦးတော့မည်။'ဟု စိတ်က ကြံစည်ပြီး၊ ညှိခေါ်၍ ကုန်းပေါ်သို့တက်ပြီးလျှင် နှုတ်ခွန်းဆက်သ စကားပြောဆိုကြပြီးသည့်နောက်၊

ညှိက "မင်းလှေပေါ်မှာ ဘယ်ကုန်ပါသလဲ။" ဟု မေးလေ၏။

လေက်တိုက "ဆားကုန် ပါသည်။" ဟု ပြောဆိုလေ၏။

"ငါ့မှာလည်း ဓားအများကို လှေနှင့် အပြည့်တင်၍ မြစ်ရိုးကိုလျှောက်၍ ရောင်းချနေသည်။'ဟု ပြောဆိုပြီးလျှင်၊ လက်က နမူနာယူခဲ့သော သံဓားတစ်ချောင်းကို လေက်တိုကို ပြလေ၏။

ထိုအခါ "မင်းလှေနှင့် ငါ့လှေသည် အရွယ်ချင်းလည်း တူသည်။ သို့ဖြစ်၍ ငါ့မှာပါသော ဆားကုန်များကို မင်း ရောင်းချယူတော့။ မင်းဓားလှေကိုလည်း ငါ့ကို လှေပါ ပေးလဲပေးတော့။"ဟု ပြောဆိုပြီးလျှင်၊ သဘောတူ ဓားနှင့် ဆားလှေပါ လဲ၍ အလိုရှိရာ ချက်ချင်းသွားကြလေ၏။

ထို့နောက် ညှိမှာလည်း အပေါ်ယံကဆားကို ဖယ်၍ကြည့်သောအခါ သဲချည်း ဖြစ်၍နေသောကြောင့် ရေထဲသို့ သွန်ပစ်လိုက်ရလေ၏။

လေက်တိုမှာလည်း ထန်းရွက်ဓားချည်း ဖြစ်နေသောကြောင့် ရေထဲသို့ မျှောလိုက်ရလေ၏။

ဤကစ၍ ဓားနှင့် ဆားလဲသော စကားပုံသည် ယခုတိုင် ပြောဆိုသုံးစွဲကြလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# စကားတောင်စားအမတ်

တစ်ရံရောအခါ စကားတောင်စားအမတ်ကို ဘုရင်မင်းမြတ် စိတ်ဆိုးတော်မူ၍ 'လှံနှင့်ထိုးမည်'ဟုပြုလုပ်ပြီးလျှင်၊ "နင့်လို မိုက်သောအမတ်သည် ရှိသေးရဲ့လား။"ဟု ပြောဆိုတော်မူသောအခါ၊

စကားတောင်စားအမတ်က "ကျွန်တော်မျိုးထက် မိုက်သောအမတ်သည် ရှိပါသေးသည်။"ဟု လျှောက်သောအခါ၊

"နင့်ထက် မိုက်တဲ့အမတ်သည် ဘယ်မှာရှိသနည်း။" ဟု ငေါက်ငမ်း၍ မေးမြန်းတော်မူသကာလ၊ "ဘုရိဒတ်ဇာတ်တော်၌ ရှူဋ္ဌလိပ်ကို ရေသို့ချသောအမတ်သည် ကျွန်တော်မျိုးထက် မိုက်ပါကြောင်း။"ကို သံတော်ဦး တင်သောအခါ ပြုံးတော်မူ၍ အတွင်းဆောင်သို့ ဝင်တော်မူလေ၏။

**ဌင်းအချက်၌ ပညာရှိစကားများသည် တိမ်ကောမည်စိုးသောကြောင့် ဤအရာ၌ မနှစ်သက်သောသူတို့ကို တောင်းပန်၍၊ အနည်းငယ် ညှပ်လိုက်ပါအံ့။**

**ခရမ်းချဉ်သီးကျွန် မဟုတ်**

တစ်နေ့သ၌ ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်သည် စကားတောင်စားအမတ် အပါးတော်တွင် ခစားဆဲအခါ ပွဲတော် တည်လေ၏။

ခရမ်းချဉ်သီးဟင်းပွဲတော်သည် မြိန်ယှက်တော်မူ၍၊ စကားတောင်စားအမတ်ကို "ခရမ်းချဉ်သီးသည် ပွဲတော်တည်၍ ခံတွင်းတော် တွေ့သည်။" ဟု ချီးမွမ်းတော်မူသောအခါ၊



mgyoe.com

စကားတောင်စားအမတ်ကြီးက ''ခရမ်းချဉ်သီးသည် အလွန် အရသာရှိသော အသီးဖြစ်ပါ၍ ဓာတ် ၄ ပါးကိုလည်း ညီညွတ်စေတတ်ပါသည်။ ပွဲတော်တည်၍ သင့်လျော်ပါကြောင်း။''ကို သံတော်ဦးတင်လေ၏။

တစ်နေ့သ၌ ခရမ်းချဉ်သီးကို ပွဲတော်တည်၍ လေနာတော်မူသောအခါ စကားတောင်စားအမတ်ကြီးကို ခေါ်တော်မူ၍၊ ''ခရမ်းချဉ်သီးသည် လေနာထပါသလား အမတ်ကြီးရဲ့''ဟု အမိန့်တော်ရှိသောအခါ၊ စကားတောင်စားအမတ်ကြီးက ''ခရမ်းချဉ်သီးသည် လေနာရင်နာကို ဥပါဒ်ပေးတတ်သော အသီးဖြစ်၍ ပွဲတော်တည်ရန် မသင့်လျော်ပါကြောင်း။ ၎င်းအသီးသည် လေစာသက်သက် အမှန်ပင်ဖြစ်ပါကြောင်း။''ကို သံတော်ဦးတင်လေ၏။

ထိုအခါ ဘုန်းတော်ကြီးဘုရားက ''မောင်မင်းသည် ယခင်အခါတုန်းက 'ခရမ်းချဉ်သီးသည် အစာကြေကြောင်း၊ ဓာတ် ၄ ပါးညီမျှကြောင်း၊ ပွဲတော်တည်ရန်သင့်ကြောင်း။' သံတော်ဦး တင်လေသည်။ ယခု 'လေနာတော်မူသည်။' ဟု ပြောဆိုလျှင်ပင် 'ခရမ်းချဉ်သီးသည် လေစာဖြစ်၍ ပွဲတော်တည်ရန် မသင့်ပါကြောင်း။'နှင့် သံတော်ဦးတင်ပြန်သည်။ မောင်မင်း တင်ချက်စကားများ ရှေ့နောက် မညီပါတကား။''ဟု အမိန့်ရှိတော်မူသောအခါ၊

''ကျွန်တော်မျိုးသည် ခရမ်းချဉ်သီးက သူကောင်းပြုထားသော ကျေးကျွန်မျိုး မဟုတ်ပါ။ ဘုန်းတော်ကြီးလှသော ဘုရား၏ ကျေးကျွန်တော်မျိုးအစစ်ဖြစ်ပါသောကြောင့် ခရမ်းချဉ်သီး၏အလိုသို့ လိုက်၍ သံတော်ဦး မတင်နိုင်ပါ။ ဘုန်းတော် ကြီးတော်မူလှသော အရှင်ဘုရင် ကေရာဇ်မင်းမြတ်၏ ကျွန်တော်မျိုးမို့ အလိုတော်သို့ လိုက်၍ သံတော်ဦး တင်ရပါသည်။''ဟု တင်လျှောက်သောအခါ ပြုံးတော်မူ၍ အတွင်းတော်သို့ ဝင်တော်မူလေ၏။



mgyoe.com

ရောဝတီမြစ် အရောင်လျှော့ပါလိမ့်မည်။

တစ်နေ့သ၌ ရောဝတီမြစ်ရေသည် အလွန်တိုးတက်သောကြောင့် ဈေးပြင်ကနားမှစ၍ ရေပြည့်လျှံသည်ကို ရွှေနားတော်မြတ် ကြားသိတော်မူသောကြောင့် ၎င်းအမတ်ကြီးကို ခေါ်တော်မူ၍၊

"မြစ်ရေသည် အလွန်တိုးတက်ကြောင်း ရွှေနားတော်မြတ် ကြားသိတော်မူရသည်။ ပြည်သူသတ္တဝါတို့ ဥစ္စာစီးပွား ပျက်ပြားကြသည်ကို ရွှေကရုဏာသက်တော်မူ၍ ရောဝတီမြစ်ရေသည် တိုးတက်ခြင်း ရပ်တန့်ရမည်အကြောင်းနှင့် ရေမြေကိုအစိုးရသော ငါမင်းဧကရာဇ်၏အမိန့်တော်ကို ပြန်ဆိုရမည်။" ဟု အမတ်ကြီးကို စေခိုင်းတော်မူသောအခါ၊

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်၍ ရောဝတီမြစ်ကမ်းသို့သွားရောက်ပြီးလျှင် အမိန့်တော်ကို ပြန်ဆိုသည်မှာ "ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ဘုရင်ဧကရာဇ်မင်းမြတ်၏ အမိန့်တော်။ ငါအရှင် ဘုရင်ဧကရာဇ်မင်းသည် မင်းကျင့်တရား ၁၀ ပါး, ပြဟ္မစိုရ်တရား ၄ ပါး, အပရိဟာနိယတရား ၇ ပါးတို့နှင့်တကွ ပြည်သူသတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ တရားနှင့်အညီစောင့်ရှောက်တော်မူသော မဟာဧကရာဇ် မင်းကောင်းမင်းမြတ်ဖြစ်သည့်အတိုင်း ထုတ်ပြန်တော်မူသောအမိန့်ကို နာခံရမည်မှာ 'ရောဝတီမြစ်ရေသည် အခါတိုင်းတိုးတက်သည်ထက် ပိုမိုပြည့်လျှံ၍ တိုးတက်ကြောင်း' ရွှေနားတော်ကြားသိတော်မူရသည်။ သို့ဖြစ်၍ ၎င်းထက် ပိုမိုတိုးတက်မရှိစေရ။ ရပ်ဆိုင်းစေရမည်။ မဟာပစ္စုန္ဒနတ် မြစ်ကြီး ၅ သွယ် မြစ်ငယ် ၅၀၀ မှစ၍ ဟိမဝန္တာ၌ စောင့်ကြပ်သောနတ်၊ စတုလောကပါလ သာသနာတော်စောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် ကူညီဆောင်ရွက်ကြသည်ဖြစ်၍ ၎င်းရောဝတီမြစ်ရေကို မတိုးတက်စေရ။ ရပ်ဆိုင်းစေရမည်။ ဘုရားအမိန့်တော်။"


mgyoe.com

ဤကဲ့သို့ အမိန့်တော်ပြန်ဆိုခဲ့၍ နန်းတော်သို့ဝင်ခဲ့လေ၏။

နက်ဖြန်သို့ရောက်သောအခါ ရေသည် မရပ်တန့်မူ၍ လက် ၄ သစ် လောက်တိုးတက်ပြန်သောအခါ၊ ပညာရှိ စကားတောင်စားအမတ်ကြီးကို ခေါ်တော်မူပြီး၊

"မောင်မင်းသည် မနေ့က အမိန့်တော်ကို ပြန်ပါလျက် ဘယ့်အတွက် ကြောင့် ယနေ့သည် ဧရာဝတီမြစ်ရေ တိုးတက်ရသနည်း။" ဟု မေးတော်မူသော အခါ၊ အမတ်ကြီးက

"ဘုန်းတော်ကြီးလှသောဘုရား အမိန့်တော်မြွက်ကို ပြန်ဆိုပြီးသည့်နောက် မကြောက်မရွံ့ မနွံနာမည်ကို စိုးသဖြင့် ဧရာဝတီမြစ်ရေကို ရာဇဒဏ်အချက် များစွာ ရိုက်ခဲ့သည်ဖြစ်၍ ဘုန်းတော်ဒဏ်ကို မခံနိုင်ခြင်းကြောင့် ဧရာဝတီမြစ်ရေ သည် ရာဇဒဏ်ချက်ကြောင့် ဖူးရောင်ပါသည်။ နက်ဖြန်ခါကို အရောင်လျော့ ပါလိမ့်မည်အကြောင်း။" နှင့် သံတော်ဦးတင်လေ၏။

## စကားတောင်စားကို ရခိုင်ဘုရင်အကဲခတ်ခြင်း*

ထို့ကြောင့် ပညာရှိ စကားတောင်စားအမတ်ကြီးကို ဓညဝတီ ရခိုင် ပြည်သို့ တမန်အရာနှင့် စေလွှတ်လိုက်၏။

ဓညဝတီပြည်သို့ ရောက်သောအခါ သံတဲ၌ ရပ်တန့်စေ၍ 'မြန်မာနိုင်ငံက မြန်မာပညာရှိ သံအမတ်ကြီး ဆိုက်ရောက်ပါကြောင်း' နှင့် ဓညဝတီပြည့်ရှင် ဘုရင်ကေရာဇ်မင်းမြတ်ကို သံတော်ဦးတင်ရာ၊

"ရာဇသံတို့ကို ဧည့်ခံကျွေးမွေးမြဲ ရှိသည်အတိုင်း ဧည့်ခံကျွေးမွေးရမည်။ သို့သော်လည်း မြန်မာနိုင်ငံက လာရောက်သောသံအမတ်သည် ပညာရှိ,မရှိ ကို သိစေခြင်းငှာ ထမင်းစားသောအခါ အမူအရာကိုရှေးဦးစွာ ကြည့်ရှုကြရပါ မည်။" ဟု အမိန့်တော်ရှိတော်မူလေ၏။

---

* ဤအခန်းသည် ဦးကုလားမဟာရာဇဝင်ကြီး, မှုံရွေးရာဇဝင်ကျော်, မှန်နန်းမဟာရာဇဝင် တို့ပါ အဖြစ်အပျက်ကို ယူထားပါသည်။

mgyoe.com

mgyoe.com

ထိုအခါ ဧည့်ဝတီပြည်သား မှူးတော်မတ်တော်များတို့သည် ရွှေကရား မှာ ရေထည့်၍ ရွှေဖလားတစ်လုံး, ငွေဖလားတစ်လုံး တည်ထားလေ၏။ ထို့နောက် ရွှေလင်ပန်း၌ ထမင်းကို ဖြိုးဖြိုးမောက်မောက်ထည့်ပြီးလျှင် အမဲသား ငါးအကြော်အလှော်တို့ကို အပေါ်ယံကအုပ်၍ ကျွေးမွေးလေ၏။

ထိုအခါ သံအမတ်ကြီးသည် 'ငါ့ကို ပညာရှိ,မရှိ စုံစမ်းလိုသောကြောင့် ဤကဲ့သို့ ကျွေးမွေးသည်လက္ခဏာ ထင်သည်။ ရွှေဖလားနှင့် ငွေဖလားများကို တည်ထားသည်မှာလည်း 'အယုတ်,အမြတ်ကို သိမည်လား။' ဟု ထားသည့် လက္ခဏာ ဖြစ်မည်။ သို့ဖြစ်၍ ပညာရှိနှင့်တူအောင် ငါစားမည်။' ဟု စိတ်က အောက်မေ့၍၊ ရွှေကရားထဲကရေကို ရွှေဖလားထဲကို သွန်းလောင်း၍ ငွေဖလားကို လက်ဆေးခံပြုလုပ်ပြီးလျှင် လက်ဆေးချလိုက်၏။

ထို့နောက် ထမင်းကို ထွင်းဖောက်၍စားပြီးလျှင်၊ အမဲသားငါးကို ထမင်း ထဲက ဖွဲ့ရွဲ့၍စားလေ၏။

ထိုအကြောင်းကို ဧည့်ဝတီအမတ်ကြီးတို့က 'အစားအသောက်၌ ကျစ်လစ် ပါကြောင်းများ' နှင့် သံတော်ဦးတင်လေ၏။

ထို့နောက် မင်းကြီးရှေ့တော်သို့ဝင်ရန် အမိန့် ထုတ်ပြန်တော်မူလေ၏။ သို့သော်လည်း 'ဇေရာဇ်မင်းမြတ်ကို မည်သူတစ်ဦးတစ်ယောက်မျှ မော်၍ မဖူးရကြောင်း' ကို ပြောဆိုကြသည်နှင့် ကန့်စွန်းရိုးကိုပြုတ်ပြီးလျှင် ဆက်သရန် ယူသွားလေ၏။ မြန်မာပြည်က မဟာမိတ်အလို့ငှာ ယူဆောင်ခဲ့သော အထူး အဆန်း လက်ဆောင်ပဏ္ဏာတို့ကိုလည်း ယူခဲ့လေ၏။

အတွင်းတော်သို့ရောက်သောအခါ လှေတ်ပေါ်သို့ ခေတ္တ တက်သွားရလေ ၏။


mgyoe.com

လွှတ်တော်မင်းကြီးများနှင့် နှုတ်ခွန်းဆက်သ ပြောဆိုကြသည်မှာ ဧည့ဝတီ မင်းကြီးက မြန်မာသံအမတ်ကြီးကို ''မင်းကြီးတို့ မြန်မာနေထွက်ဘုရင်သည် ကျန်းကျန်းမာမာ ရှိပါ၏လား။''ဟု စကားအထက်စီး စတင်မေးမြန်းလေ၏။

ထိုအခါ မြန်မာပညာရှိအမတ်ကြီးက 'ဧည့ဝတီမင်းအမတ်ကြီးများသည် မှူးမတ်ချင်းချင်း ကျန်းမာတော်မူပါ၏လောဟု မေးသင့်ပါသည်ကို ငါ့ကိုကား မမေး။ ငါ့အထက်က အရှင်ဧကရာဇ်မင်းမြတ်ကို လှမ်း၍မေးသည်။ သူတို့ မေးသည့်အတိုင်း ပညာရှိလက္ခဏာနှင့်တူအောင် ငါဖြေဆိုမည်။' ဟု စိတ်က ကြံ၍၊

''ဟုတ်ကဲ့။ မင်းကြီးတို့ မေးသည့်အတိုင်း ကျွန်ုပ်တို့၏အရှင် ဘုရင် ဧကရာဇ်မင်းမြတ်သည် ကျန်းမာတော်မူသောကြောင့်၊ 'မင်းကြီးတို့၏အရှင် ဧည့ဝတီပြည့်ရှင် ဘုရင်ဧကရာဇ်မင်းမြတ်ကိုလည်း ကျန်းမာတော်မူပါစ။' ဟု သိလို၍ ကျွန်ုပ် လာရောက် မေးမြန်းပါသည်။''ဟု ပြောသောအခါ၊ ဧည့ဝတီ မင်းအမတ်ကြီးတို့က 'တော်ပေ၏။' ဟု ဝမ်းထဲက ချီးမွမ်းကြလေ၏။

ထိုနောက် ရှေ့တော်သို့ ဝင်ရောက်ပြီးလျှင် ခပ်သိမ်းသောလက်ဆောင် ပဏ္ဏာတို့ကို ဆက်သလေ၏။

ဘုန်းတော်ကြီးလှသော ဧည့ဝတီပြည့်ရှင် ဘုရင်ဧကရာဇ်မင်းမြတ်က မေးမြန်းတော်မူသည်မှာ-''မြန်မာနေထွက်ဘုရင်သည် ကျန်းမာတော့်မူပါစ။'' ဟု မေးမြန်းတော်မူလေ၏။

မြန်မာသံအမတ်ကြီးက ''ဘုန်းတော် ကြီးမြတ်တော်မူလှသော ဘုရား ရွှေမေတ္တာတော်ကြောင့် ကျန်းမာတော် မူသည်ဖြစ်၍၊ ဧည့ဝတီပြည်ကို အစိုးရ တော်မူသော ဘုရင်မင်းမြတ်ကိုလည်း ကျန်းမာတော်မူစေကြောင်းကို ဆုတောင်း မေတ္တာဖြင့် ကောင်းစွာပို့သလျက် ရှိပါကြောင်း။''ကို သံတော်ဦးတင်လေ၏။


mgyoe.com

ထို့နောက် "မောင်မင်းတို့ မြန်မာနေထွက်ဘုရင်၏နန်းတော်နှင့် ငါ့နန်းတော်သည် ဘယ်နန်းတော်က သာ၍ ကျယ်သနည်း။" ဟု မေးမြန်းတော်မူသောအခါ၊ "မြန်မာနေထွက်ဘုရင်နန်းတော်က တတာကျယ်ပါကြောင်း။" ကို သံတော်ဦးတင်လေ၏။

"ဘယ်အတွက်ကြောင့် သိရပါသနည်း။" ဟု မေးမြန်းတော်မူသောအခါ၊

"ကျွန်တော်မျိုးဝင်လာစဉ်အခါ အလှမ်းတွင် တာ,ပါကြောင်း" ကို သံတော်ဦးတင်လေ၏။

ထို့နောက် အရပ်ရပ်သော သာသနာတော်၏အရေး ပြည်မှုတို့ကို မေးမြန်းတော်မူ၍ လျှော်ရာလျှော်ရာ သံတော်ဦးတင်လေ၏။

ထို့နောက် သံအမတ်ကြီးသည် မျက်နှာတော်ကိုဖူးလို၍ ကန်စွန်းရိုးကို ဆက်သလေ၏။

ထိုအခါ ဘုရင်မင်းမြတ်က "မောင်မင်းဆက်သသော ကန်စွန်းရိုးသည် ဘယ်အကျိုးရှိသနည်း။" ဟု မေးမြန်းသောအခါ၊ သံအမတ်ကြီးက ကန်စွန်းရိုးကို အဖျားကကိုင်၍ မော့်ပြီးလျှင်၊ "ဤကဲ့သို့ စားရပါသည်။" ဟု တင်လျှောက်သောအခါ၊

ဧညဝတီပြည့်ရှင် ဘုရင်ဧကရာဇ်မင်းမြတ်က "ငါ့ရွှေမျက်နှာတော်ကို ဖူးမျှော်လို၍ မောင်မင်း ကြံစည်နိုင်ပေ၏။" ဟု ချီးမွမ်းတော်မူလေ၏။

ဤအရာ၌ များစွာ စကားရှိသော်လည်း ဝတ္ထုမျော့မည်ကို စိုး၍ ရပ်တန့်ပြီးလျှင် လေကတိုနှင့် ငသိုအခန်းကို ပြပါဦးအံ့။



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# လေက်တို,ညို့,မခါကြီး,ကျေးဥ– ၄ယောက်ပေါင်းဇာတ်လမ်း

## အခန်း ၁

တစ်နေ့သ၌ လေက်တို,ညိုတို့သည် တွေ့ဆုံကြပြန်၍ လေက်တိုက ပြောဆိုသည်မှာ

"မင်းနှင့် ငါသည် ဟိုဘဝကရေစက် ကြဲဖက်စည်ဖက် ဖြစ်ဖူးကြသည် အတိုင်း၊ သည်ဘဝ၌ မင်းနှင့်အတူတူကြဲမှသာ အောင်တတ်သည်ဖြစ်၍ ယနေ့ကစ၍ မင်းနှင့် ငါ အတူ ကြဲစည်မည်။" ဟု ပြောဆိုသောအခါ၊ ညိုကလည်း "ကောင်းပါပြီ။ မင်းကြဲစည်ရာကို ငါ လိုက်ပါမည်။" ဟု ပြောဆိုလေ၏။

တစ်နေ့သ၌ မြင်းခြံချောင်းဝ၏အနီး 'မခါကြီး' ဆိုသော မိန်းမတစ်ယောက်၌ အထက်မြစ်ညာက ငွေ ၃ ပိဿာနှင့်ဝယ်ယူထားသော 'ကျေးဥ' ဆိုသော မိန်းကလေးသည် မျက်လုံးမျက်ခုံးနှင့်တကွ အင်မတန်လှ၏။ ကိုယ်လုံးကိုယ်ပေါက်လည်း ပြေပြစ်သည်ဖြစ်၍ မခါကြီး လော်လှယ်ကြိုးဆွဲရာ လိုက်နာရလေ၏။

မခါကြီးစိတ်တွင် မည်သည့်လူမျိုးမဆို မြို့က်ရအောင် သဘောထားပြီးလျှင်၊ ကျေးဥကို ဖီးလိမ်းဝတ်စား လှပစွာဆင်ပြင်ပြီးလျှင် မသိသောသူကို



mgyoe.com

လည်း လောကဝတ်ပျူငှာနှင့် များစွာပင် အရောတဝင်လုပ်တတ်၏။ မည်သည့်လူမျိုးမဆို မခါကြီး,သမီးမကျေးဥတို့နှင့်တွေ့ရလျှင် မရဘဲကို မလွှတ်လိုက်။ အမြိုက်အချို အမြူအချော့ အနွဲ့အခရာနှင့်လည်း ပြည့်စုံ၏။

မြင်းခြံမြို့ပေါ်၌ ဤကဲ့သို့အမူအရာကို ပြုလုပ်တတ်သည် ထင်ရှားကျော်စောသည်နှင့် လူကောင်းသူကောင်း မိကောင်းဖခင်သားသမီးတို့သည် အသွားအလာ အဝင်အထွက် နည်း၏။ သို့သော်လည်း မခါကြီးသည် မရပ်မနေလည်ပြီးလျှင် လေ့သူကြီး,ကုန်သည်တို့နှင့် မိတ်ဆွေဖွဲ့၍ အိမ်ကို အပါခေါ်လေ့ရှိ၏။ အခြားသူတို့ကိုလည်း အစပ်အဟပ် စေခိုင်းပြီးလျှင်၊ ခေါ်ငင်ခဲ့သောသူတို့ကိုလည်း ထိုက်သည်အားလျော်စွာ ကျွေးမွေးပေးကမ်းလေ့ ရှိ၏။

တစ်နေ့သ၌ ပခန်းသား လေက်တို, ချည်ပါသား ညိုတို့သည် မြင်းခြံမြို့သို့ ဆိုက်ရောက်ကြ၍၊ မခါကြီးတို့သတင်းကို ကြားသိသည်နှင့် လေက်တိုက ပြောဆိုသည်မှာ "သည်မြင်းခြံမြို့တွင် မခါကြီး ဆိုသူသည် 'ကျေးဥ'ဆိုသော မဒကလေး*လက်ကိုင်တစ်ခုနှင့် အလှောင်အမြိုက် ကောင်းသည်ဟု သတင်းကြားသည်။ တို့ ၂ ယောက် သွား၍ ညာလို့င်းရလျှင် ဥစ္စာလည်းရ လူပါကျ၍ ဟန်ရမယ့်လက္ခဏာ မြင်သည်။"ဟု ပြောဆိုတိုင်ပင်သောအခါ၊

ချည်ပါသားညိုက "သိက္ခာသမာဓိနှင့် ဂုဏ်အသရေရှိသောသူများကိုသာ အကြံရ ခက်ပါသည်။ ပေါက်ပန်းဈေးသည်ကဲ့သို့ အစကိုက အညာလွယ်ပြီးကို ခက်မယ်လို့ မထင်ပါဘူး သူငယ်ချင်းရယ်။"ဟု ပြောဆိုသောအခါ၊

လေက်တိုက "ကောင်းပြီ။ မခါကြီးကို မင်းက ရအောင်ကြံ။ ကျေးဥကို ငါက ရအောင်ကြံမည်။ သို့သော်လည်း မင်းနှင့်ငါသည် တစ်ခြားစီ သွားမည်။ တစ်ယောက်သိဒ္ဓိကို တစ်ယောက်က တင်ရမည်။ မိမိကိုယ်ကို ဂုဏ်ရှိအောင် ပြောသော်လည်း သူတစ်ပါးတို့ မယုံကြည်နိုင်။ သူများက ဂုဏ်တင်၍ ပြောမှ

* မဒကလေး = မိန်းကလေး အပျိုအရွယ်။

mgyoe.com

သာလျှင် ယုံကြည်စိတ်ချမြဲဖြစ်၍ မင်းက ငါ့ကိုယ်ကို သူတို့အိမ်တွေ့သောအခါ 'သူကြီးမင်း' ဟု ခေါ်ရမည်။ မင်းကိုလည်း ငါက 'မြင်းခေါင်းမင်း'ဟူ၍ ဂုဏ်ဒြပ်တင်ပြီးလျှင် ပြောဆိုရမည်။ အကယ်၍ 'ဘယ်ရွာသူကြီးလဲ' မေးလျှင် 'နွားထိုးကြီးရွာသူကြီး မောင်မောင်တို့'ဟု ပြောဆိုရမည်။ မင်းကိုလည်း 'ဘယ်မြင်းခေါင်းလဲ' ဟုမေးလျှင် 'ရွှေပြည့်ရန်အောင်အရှေ့လက် မြင်းခေါင်းမောင်မောင်ညို' ဟု ငါက ပြောမည်။ အခေါ်အပြောလည်း မရိုင်းစေနှင့်။ တစ်ယောက်ကို တစ်ယောက် ရိုသေကိုင်းညွတ်စွာ ပြောဆိုပြီးလျှင် မခါကြီးကို မရရအောင်ပြော၍ မင်းက ရအောင်ယူ။ ရသောအခါ ငါ့အတွက်ကိုလည်း ကြပ်ကြပ်လှော်လိုက်ပါ။''ဟု ပြောဆို တိုင်ပင်ကြပြီးလျှင်၊ သန့်ရှင်းစွာ ဝတ်စားတန်ဆာတို့ကိုဆင်ယင်၍ လေက်တိုက အရင်သွားပြီးလျှင်၊ ဟန်ဟန်ပန်ပန် မခါကြီးအိမ်သို့ရောက်သောအခါ မခါကြီးသည် ကပျာကယာနှင့် နေရာကထ၍၊ နှုတ်ဆက်ပြီးလျှင် ''မောင်မောင်။ ဘယ်က ကြွလာပါသနည်း။''ဟု မေးလေ၏။

ထိုအခါ သူကြီးအယောင်ဆောင်သော လေက်တိုက ''သဿမေဓငွေတော်များကို ချိန်ဆောင်၍ မြို့ဝန်မင်းထံက ပြန်လာခဲ့ပါသည်။''ဟု ပြောဆိုသောအခါ၊ မခါကြီးက 'ငှင်းလူသည် မြင်းခြံမြို့တွင် တစ်ခါမျှ မမြင်ဖူး။ ငွေတော်ကို သွင်းထားသည့် လက္ခဏာကိုထောက်လျှင် သူကြီးနှင့် တူသည်။ သို့မဟုတ်လျှင်လည်း သူကြီးစာရေး ဖြစ်မည်။' ဟု စိတ်ကအောက်မေ့ပြီးလျှင် အထူးသဖြင့် လောကွတ်ပျူငှာလုပ်လေ၏။

သူကြီးမင်း မောင်မောင်တို့ကလည်း ''မမတို့ ဂုဏ်သတင်းကို ငွေတော်သွင်း လာတိုင်း ကြားသိသော်လည်း သဿမေဓစာရင်း ရှင်းလင်းရန်များသောကြောင့် ယခုမှသာ ဝင်ဖြစ်ပါသည်။ နောက်တစ်ခါ မမတို့အိမ်ကပင် နေထိုင်၍ငွေတော်များကို သွင်းချင်ပါသည်။''ဟု ပြောဆိုသောအခါ၊



mgyoe.com

မခါကြီးက အောက်မေ့သည်မှာ ‘လူပုံလူပန်း အပြောအဆိုမှစ၍ လူကဲကို ခတ်လိုက်လျှင် လူနပ်လူပါးနှင့်ပင် တူသည်။ သူကြီးဆိုတာ ဟုတ်ကောင်း ဟုတ်လိမ့်မည်။ အကယ်၍ သူကြီးစင်စစ်မှန်လျှင် ကန်တော့ငွေ များများယူ၍ ကျေးဥနှင့် ပေးစားရသော် ကျေးဥလည်း သူကြီးကတော် ဖြစ်၏။ ငါလည်း သူကြီးယောက္ခမ ဖြစ်၏။ အတော် မော်ရအံ့။’ဟု စိတ်ကအောက်မေ့ပြီးလျှင် ပြောဆိုသည်မှာ

“မောင်မောင်တိုမှာ သူကြီးလုပ်ရသော်လည်း ငွေတော်ပူသည့်အခါကို ကျေးရွာ၌ ငွေခဲရသည်လည်း တစ်ကြောင်း၊ မြင်းခြံမြို့သို့လာရောက်၍ မြို့ဝန်များ က ငွေသွင်းရသည်လည်း တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် သူကြီးလုပ်ရ သည်မှာ မအေး။ အင်မတန် ဒုက္ခများရှာလိမ့်မည်။ သို့သော်လည်း မြင်းခြံမြို့သို့ ရောက်သည့်အခါ ကိုယ့်အိမ်လို သဘောထား၍ မမတို့အိမ်မှာပင် နေထိုင်ပါ။ မောင်မောင့်နှမကလေးကလည်း အချက်အပြုတ် အလွန်ကောင်းပါသည်။”ဟု ပြောဆိုနေဆဲတွင်– ညိုသည် ဝတ်သန့်ဝတ်ကောင်း ပေါင်းပုံထုပ်ပုံ ဟန်ရပန်ရ နှင့် မခါတို့ အိမ်သို့လာသည်ကို လေက်တို အဝေးကမြင်သောအခါ၊

“ဟိုကလာသော မြင်းခေါင်းမင်းကို သိကြပါရဲ့လား။ ရွှေပြည့်ရန်အောင် အရှေ့လက်တွင် သည်မြင်းခေါင်းမင်းကဲ့သို့ ချမ်းသာသောသူသည် မရှိပါ။ ငွေကို ရေလိုသုံးနိုင်သူ ဖြစ်ပါသည်။”ဟု ပြောဆိုနေဆဲတွင် အိမ်အနီးသို့ရောက်၍၊ လေက်တိုက ဆီး၍ ခေါ်သည်မှာ

“မြင်းခေါင်းမင်း။ ဘယ်ကိုကြွတော်မူမည်လို့လဲ။ နောက်လိုက်တွေကို ဘယ်မှာချိတ်၍ တစ်ယောက်တည်း လာသနည်း။”ဟု နှုတ်ဆက်သောအခါ၊

ညိုက “အစ်ကိုသူကြီးမင်း။ ဝန်မင်းအိမ်က ဆင်းပြီးလျှင် အပြင်းပြေ လမ်းလျှောက်ပါသည်။ သူကြီးမင်းကော ဘာကိစ္စနှင့် ကြွလာတော်မူပါသလဲ။ သသသမေခငွေတော်များ ချိန်ဆောင်၍ပြီးသောကြောင့် အပုံကြီးအေး၍ နေပါ


mgyoe.com

သလား။''ဟု ပြောဆိုသောအခါ၊ မခါကြီးက ''ခေါ်လိုက်ပါဦး။''ဟု တိုးတိုး ပြောဆိုလေ၏။

လေက်တိုကလည်း ''မြင်းခေါင်းမင်း။ သည်ကိုကြွပါဦး။'' ဟု မရ ရအောင် ခေါ်လေ၏။

ညိုကလည်း ''သည်အိမ် သူကြီးမင်းအိမ်လား။''ဟု မေး၍ ဝင်လာ လေ၏။

လေက်တိုကလည်း ''ကျွန်တော်တို့ မမအိမ်ပါပဲ။''ဟု ပြောဆိုသော အခါ၊ မခါသည် နေရာကထ၍ သင်ဖြူးသင်ဖျာ ကမ္ဗလာကော်ဇောများကို ခင်းကျင်းပြီးလျှင်၊ ''အိမ်ပေါ်သို့ ကြွတော်မူပါ။''ဟု လောကွတ်ပျူငှာနှင့် များစွာနှုတ်ဆက် ၏။

ညို အိမ်ပေါ်သို့ရောက်သောအခါ မခါကြီးစိတ်၌ အောက်မေ့သည်မှာ 'တစ်ခါဖြင့် တော်လှပြီ။ ငါ့အိမ်မှာ သူကြီး, မြင်းခေါင်းတွေ ဆိုက်ရောက်ခြင်း သည် ငါတို့ချမ်းသာဖို့ ဖြစ်တော့သည်။ ငါလည်း ယခုမှ အသက် ၄၀ ကျော် ကလေး ရှိသေးသည်။ ကျေးဥနှင့် တစ်ယောက်ကိုမြှူ၍ ဇာန်းပြပြီးလျှင်၊ တစ် ယောက်ကို ငါ ရအောင်ချိတ်မည်။' ဟု စိတ်က အောက်မေ့လေ၏။

ထို့နောက် မြင်းခေါင်းညိုက ''သူကြီးမင်း မောင်မောင်တိုသည် ယခုနှစ် အဖို့အရာ၌ တော်တော်ကို ကုတ်မိပါစ။'' ဟု တိုးတိုးမေးမြန်းသောအခါ၊ လေက်တိုက ''လူမကြားစေနှင့်။ သည်နှစ်လို ၃ နှစ်လောက် ရိုက်မိလျှင် ထားစရာနေရာ မရှိပါ။'' ဟု တိုးတိုးပြောလေ၏။

ထိုအခါ မြင်းခေါင်းညိုက ''များများလည်း မလုပ်ပါနှင့်။ အရိုး မျက်တတ်သည်။''ဟု ပြုံး၍ပြောဆိုလေ၏။


mgyoe.com

ထိုနောက် လေက်တိုက 'မြင်းခေါင်းမင်းတို့မှာ လက်ကိုင်အချက်တွေ များစွာရှိသောကြောင့် ကျွန်တော့်ထက်ပင် အကျိုးရှိလိမ့်မည်။''ဟု ပြောဆိုသောအခါ၊ ညိုက ''အသင့်အတင့်ရှိပါ၏။'' ဟု ပြောဆိုလေ၏။

ထိုနောက် လေက်တို စိတ်က ကြံအောက်မေ့သည်မှာ 'ငါသည် ရှောင်ချင်ပြ၍ အနောက်ဆောင်ဆီကိုသွားရလျှင် ကျေးဥနှင့်လည်း စကားပြောရစေတော့။ ငါ့ဂုဏ်ဒြပ်ကိုလည်း ညို ပြောရစ်စေတော့။ မခါကြီးကိုလည်း ညိုရအောင် လော့်ရစ်စေတော့။' ဟု စိတ်ကအောက်မေ့ပြီးလျှင်၊ ''အနောက်ဆောင်မှာ ကျယ်ပါရဲ့လား။''ဟု မခါကြီးကို မေးလေ၏။

မခါကြီးကလည်း ကျေးဥထံသို့ သွားစေလိုသည်နှင့် အခန့်သင့်၍ ''အနောက်ဆောင်လည်း အလွန်ကျယ်ပါသည်။ သွားသာ သွားပါ။''ဟု ပြောဆိုပြီးလျှင်၊ ''သမီးရေ။ မင့်းကိုကို လာလေရဲ့။''ဟု ဟစ်အော်၍ ပြောလိုက်လေ၏။

လေက်တိုကလည်း ထ၍သွားပြီးလျှင် မကျေးဥရှိရာ အနောက်ဆောင်သို့ ဝင်သွားလေ၏။

မကျေးဥကလည်း နေရာထိုင်ခင်းပေးပြီးလျှင်၊ ''ရှင်ရောက်တာ ကြာလှပြီ။ ယခုမှ ကျွန်မကိုသာ သတိရသလား။''ဟု ပြုံးချိုချိုနှင့် မျက်နှာထားပြီးလျှင်၊ မြူသလိုဟန်လုပ်၍ မျက်လုံးကိုလှန်ပြီးလျှင် အလွန်ချစ်သောသူကို ရှတ်တရက် တွေ့ရဘိသကဲ့သို့ နှုတ်ခွန်းဆက်သလေ၏။

လေက်တိုစိတ်က အောက်မေ့သည်မှာ 'သင်းတို့ ၂ ယောက်လည်း ပါးနပ်သောအရာမှာ ပန်းစက္ကူကပင် အစ်မကြီး ခေါ်လောက်ပါပေသည်။ ငါနှင့် ညိုကလည်း သူများကို မလိမ်ရလျှင် ကိုယ့်ပေါင်ကို ကိုယ် လိမ်ရမှ ထမင်းစား၍ မြိန်သည်။ ခဏခဏ စီးသားရိုက်၍ တာပတ်တွင်နေစဉ် ကျင့်၍ထားသော



mgyoe.com

mgyoe.com

ပြိုင်မြင်းချင်း ဖြစ်ကြသည်။ တာပတ်ထဲသို့ ရောက်သောအခါ မည်သူကပေါက် မည်ဟူ၍ နောက်မှ သိရတော့မည်။' ဟု စိတ်က ကြံအောက်မေ့ပြီးလျှင် အသာ ထိုင်၍ မှိုင်တဲ့လို့ ညည်းညူသည်မှာ

''မြင်းခေါင်းမင်း မောင်မောင်ညိုဆိုတာကလည်း လူထိတ်ထိတ်ကြဲ။ ကျွန်ုပ်ကိုလည်း ငွေ ၁ လှည်းကို ၁ ပဲလောက်မျှလည်း မထင်။ လူကလည်း သန်ခဲတင် စိတ်ကလည်း စိတ်ကြီးဝင်၊ တကယ်များပြိုင်ယှဉ်၍ ယနေ့ဖြင့် နေရာကျကြလျှင် ငွေစတွေအကုန်ခံ၍ အင်မတန် ကြွားရချည်သေးရဲ့။'' ဟု ပြောဆိုလေ၏။

ထိုအခါ မကျေးဥက အောက်မေ့သည်မှာ 'မိခါနှင့် ကျေးဥသည် လူမှုမှာ အလည်ဆုံးရယ်လို့ တစ်မြို့လုံး နာမည်ကျော်လျက်နှင့် ခေါင်းတုံး ပေါ်မှာ ထိပ်ကွက်ပြီးလျှင် သဘက်ကို တစ္ဆေက လာ၍ ခြောက်ဘိသကဲ့သို့ သူတို့ဘယ်လိုလိမ္မာသော်လည်း တို့သားအမိ ၂ ယောက် အိပ်ပျော်နေသလောက် သာ ရှိမည်။' ဟု စိတ်က ကြံအောက်မေ့ပြီးလျှင်၊ 'ဟယ်- ဖြစ်လိုရာဖြစ်။ နစ်ချင်လျှင်လည်း နစ်ကရောပေါ့။ လူဖြစ်တဲ့ဘဝ မိန်းမတို့ဓမ္မတာမှာ ရည်းစား ၁၀၀၀ လင်ကောင် ၁ ယောက်တဲ့။ မကောင်းလျှင်လည်း ပစ်မည်။ ကောင်းလျှင် လည်း ချစ်မည်။ အသက် ၁၀၀ လင် ၁၀၀။ နဂိုလှ၍ ငါရတာကို ဘာညာတွေ ရော ဘယ်သူက တောသော်လည်း ကိုယ့်သဘောရှိရာပါ့။ ငွေသံ ကြေးသံ ကာလဉာဏ်ကလေးများနှင့် အင်မတန်လေပေါ်၍ နောက်တစ်လော ဟန်လုပ် လျှင် သူဆုတ်၍ သွားချင် သွား။ လေပိုတွေများလှ နားခါးလှချည်ရဲ့။' ဟု စိတ်က အောက်မေ့လေ၏။

သို့သော်လည်း 'ပညာကိုလိုသော် မပျင်းနှင့်။ ဥစ္စာကိုလိုသော် မတင်း နှင့်။' ဟုဆိုသောစကားကို ထောက်ညှာပြီးလျှင် စိတ်ထဲက မပါသော်လည်း၊



mgyoe.com

'တို့ထက်အရင်ကျတန်ရာရဲ့။' ဟု မာယာ ၄၀ ပရိယာယ်အညွန့် သူများထက် ကဲွန့်လို့မို့ ခပ်ဆွံ့ဆွံ့မပို့တပီနှင့် ကြည့်တကြည် မျက်နှာထားပြီးလျှင် စကားလှရုံ ပြောဆိုသည်မှာ-

"သူကြီးမင်း မောင်မောင်ရဲ့။ မောင်မောင်တို့လို ငွေပေါတဲ့သူများက မသုံးမစွဲဘဲ မြေကြီးထဲမှာချည်း မြှုပ်၍ထားလျှင် ဆင်းရဲသားများမှာ ငွေမမြင် ရအောင် ဖြစ်ပါလိမ့်မည်။ ဘယ်လောက်ပင်ချမ်းသာသော်လည်း ငွေစကို သုံးထိုက်မှ သုံးရပါသည်။ သို့သော်လည်း 'ဆယ်တဲ့ကန်သင်း၊ သယ်တဲ့ထင်း။' ဆိုဘိသကဲ့သို့၊ သားမယားလိမ္မာက ဥစ္စာ မလျော့နိုင်ပါ။ ကျွန်မလိုမိန်းမသား ဖြစ်လျှင် မောင်မောင် သုံးချင်သော်လည်း အားလုံးထုတ်ပေးမည် မဟုတ်။ စနစ်နှင့်တကွ သုံးရလိမ့်မည်။" ဟု ပြောဆိုလေ၏။

လေက်တိုက အောက်မေ့သည်မှာ 'ငါနှင့် ညီိုကလည်း မြစ်ရိုးမြစ်စဉ်ကို လျှောက်ပြီးလျှင် ကောက်ဉာဏ်၊ စဉ်းလဲဉာဏ်၊ ပရိယာယ်စကားနှင့် လှည့်ဖြား သည့်ဉာဏ်များတွင် အင်မတန်အညွန့်ကိုရှူးခဲ့သော လူထူးလူဆန်းဖြစ်ကြသည်။ မခါကြီးနှင့် သမီးမကျေးဥတို့ကလည်း ဇော်ပေါ်တွင် ဇော်ကွန့်၍ အညွန့်နှင့် အဖူးချည်း ဖြစ်ကြသည်။ မိုးကလည်းခပ်ရွာရွာ ကျေးဥကလည်း ခပ်ပါပါ၊ မိုင်တာတွင် ဆောကန်သည့်ပွဲကဲ့သို့ ဂိုးထဲဝင်ကြမှ သိနိုင်တော့မည်။ မကျော်ရလျှင် ပြန်ရုံ။ ငွေကုန်တာလည်း မဟုတ်။ ရဖို့အရေး ကြမ္မာနှင့် ဆေးကြလျှင် တဖြည်းဖြည်း ဆုတ်တာပ့ါ။ ကုပ်မိသမျှ ကျားပိန်တွယ် တွယ်ပြီးလျှင် လွယ်လွယ်နှင့်ရအောင် ဟာကို နေရာကျ မေးဦးမှ တော်တော့မည်။' ဟု စိတ်က ကြံစည်၊ ပြောဆိုပြန် သည်မှာ-

"သူကြီးကတော်ကလေး အင်မတန်လုပ်ရမည့် မမကျေးရဲ့။ ရေဝေးတဲ့ လူ ကုန်းခေါင်ခေါင်မှာမွေးခဲ့လို့ တစ်ဆိတ်ကလေးဖြင့် ထူပါသည်။ ယူချင်တဲ့



mgyoe.com

သဘော မေတ္တာများနှောခဲ့လျှင် ပြောတဲ့ပကုန်ကုန် ပြုတ်မနူးဟာမို့ ကျူပ်ဒူးက တုန်လှချည့်။ ပုံမှာဖြင့်ပိုင်ပိုင် အသရေ မနွမ်းပါရစေနှင့် ရွှေခွန်းတော်လှိုင်စမ်းပါ့။ ဂနိုင်မှာ နီးလျက်နှင့်ဝေးပြီးလျှင် ဆွေးလေအောင်ကြံဖန်၍ ဥဏ္ဏာကံပန်းရီ တို့ဇာတ်ကဲ့သို့နိပါတ်တော် မရှည်စမ်းပါနှင့်။ ရေချမ်းနှင့် မနှင်းဆီတို့လို ဝီခေါ် အောင် ကြံစမ်းပါ့ မကျေးဥရယ်။''ဟု ပြောဆိုလေ၏။

ထိုအခါ၊ မကျေးဥက အောက်မေ့သည်မှာ- 'ဟန်ရလိုက်လေ။ စချင် ဝချောင်းဖျားမှာ ငါးထောင်တဲ့ မြွှူးပေါက်လို ငါးချင်းစောက် ခုန်ကာမြူးသကဲ့သို့ မူးတူးမှိုင်တိုင် ခုလာတဲ့တောသူကြီးကို တစ်ခါတည်း ချိုင်လိုက်မည်။ ဆိုင်ပိုင် သမျှ ဓနဥစ္စာ တစ်နွယ်ငင်လျှင် တစ်စင်လုံးပါသကဲ့သို့၊ ချမ်းသာသမျှ တဖြည်းဖြည်းညှစ်ရလျှင် တစစ်စစ်ကျရောပေါ့။ မိန်းမတို့ခမ္မတာ ဘယ်တော့တုန်း ကမှ ရွှံ့ဘက်ကိုပါပြီးလျှင် နာတယ်လို့ မရှိ။ တောရွာကသူကြီးမင်းသည် ဆင်နင်းမှ သိစေတော့ဟု ပိပိပိုင်ပိုင် မိမိကြီးချိုင်ရအောင် ဟော်တယ်ဆိုင် ဖွင့်လိုက်ရဦးတော့မည်။'ဟု စိတ်ကအောက်မေ့၍၊ ပြောဆိုသည်မှာ-

''နွားထိုးကြီးက သူကြီးမောင်မောင် မယ့်ထိပ်ခေါင်ရဲ့။ အိနှောင်နှင့် ပွတ်စပါး မြဘိုးတော် အပြစ်ထားသောကြောင့် ကွဲပြားသည့်အခါ ဥဏ္ဏာကံ ပန်းရီဇာတ်ကဲ့သို့ နိပါတ်ကြီးရှည်တာကို ဘာပြုလို့ လိုက်တော့မတုံး။ ရှင်ကြိုက် လျှင်မြန်မြန် ခွင်းလုံးပိုင် ကြံပါတော့။ ငြင်းဆန်မည့်သဘော မြင်ကတည်းကပင် ရင်ထဲက မစောပါဘူး။ မနောကြည်ဖြူ ကိုယ့်အောက်က မှီတဲ့ပန်းကို လှမ်းဆွတ် တော်မူပါတော့။ အဆူဆူတွေ စစ်ကိုင်းကဘုရားအကုန် စူးပြီး ရူးနှောက်လို့ သေပါစေ။ သပြေတန်းခံမြို့ မသွေတန်းကြံစို့။ ထန်းလျက် ပခုံးထမ်း တစ်သက် မမုန်းတမ်း ကျမ်းသစ္စာမှန် ပုဂံကဆေးအိုးနှင့် ပဲခူးက ဆေးတံတိုတောင် အင်မတန် ဟန်ရ၍ ကာလရှည်ညောင်း လေ့ထိုးသားဖာထဲတွင် တစ်ခါတည်းပေါင်းသေး



mgyoe.com